

www.foreverspace.com.mm


# စန္ဒကူးမြိုင်(ရင္ဒပါလဓမ္မရိပ်) သာသနာ့ရိပ်သာပဉ္စမအကြိမ်တရားစခန်း(မှော်ဘီမြို့)



ကျေးဇူးတော်ရှင်မောင်းထောင်မြေင်းတော်ရဆရာတော်ဘုရားကြီး



မောင်းထောင်မြေင်းတော်ရဆရာတော်ဘုရားကြီးထံ တရားနည်းခံယူနေသောဆရာတော်ဒေါက်တာကုမာရမထေရ်



သက်တော်(၈၀)ကျော်မဟာထေရ်ကြီးတွေဦးဆောင်ကြွလာတော့ကြည်ညိုလို့မဝ ဖူးမဝ



မှော်ဘီမြို့လူပုဂ္ဂိုလ်တို့တရားစခန်းတွင် မောင်းထောင်မြေင်းဆရာတော်ဘုရားကြီး၏ဆွမ်းအနုမောဒနာ



ခန္ဓာကိုယ်ကြီးရထားမှတော့ဝမ်းရေးအတွက်နေ့မှုထဲလမ်းလျှောက်ရဦးမယ်




ကမ္ဘာ့ဗုဒ္ဓစရိယ ဝိုင်းမကားဆရာတော်ဘုရားဦးသူရိယနှင့်တတိယပတ်တရားစခန်းဝင်ယောဂီများ



ကနို့ဦးပနိသယမောင်းထောင်မြေင်းဆရာတော်ဘုရားကြီး နည်းဖြင့် ဝိုင်းမကားဆရာတော်ဘုရားတရားပြ



ယနေ့ဆွမ်းအလှူရှင်တွေကိုယ်စိတ်နှစ်ဖြာချမ်းသာကြပါစေ



စဉ့်ကူးမဟာစည်ဆရာတော်ဘုရားနှင့်ရင္ဒပါလသာသနာ့ရိပ်သာကျောင်းဒါယကာမိသားစု



သဲရေစီးကြောင်းလေးတွေမြင်တော့ပဋ္ဌာနစရိုက်လိုတရားထူးရချင်လိုက်တာ

ဖြိုင်ဝိနိုင်ငံပြက္ခဒိန်အကြံပေးအဖွဲ့ မြတ်မင်္ဂလာ အခါတော်ပေး ဗေဒင်ပြက္ခဒိန် သာသနာတော် - ၂၅၅၀နှစ် မြန်မာသက္ကရာဇ် - ၁၃၆၇-၁၃၆၈ ခရစ်နှစ်၂၀၀၆

မြန်မာနိုင်ငံပြက္ခဒိန်အကြံပေးအဖွဲ့ အတွင်းရေးမှူး ဒေါက်တာဦးဖေညာဏ် မှ ခွင့်ပြုချက် - အမှတ် (၆၃/၂၀၀၆ ) အရ ထုတ်ဝေသည်။

www.foreverspace.com.mm

## ရက် ၆၀ တရားစခန်း
## တတိယပါတ်အတွေ့အကြုံများ

### ၃၁-၁-၂၀၀၄၊ ၆၆ နတ်တော်လဆုတ် (၅)

ညနေ (၅း၅၈)နာရီ မှော်ဘီမြို့ ရဋ္ဌပါလ ဓမ္မရိပ်သာသို့ရောက်သည်။ ည(၇း၀၀) ရှိမ္ဗကား ဆရာတော်ဦးသူရိယထံတွင် ကမ္မဋ္ဌာန်းနည်းကို စတင်သင်ယူသည်။ ဆရာတော်မှ ပရိက်ပြုနည်း စာအုပ်များ ပေးလှူပြီး ကန္ဒီနည်းအစ အရဟံက ရွတ်ဆိုပြီး ဂုဏ်တော်ပွားနည်းကို ပေးခဲ့သည်။ ည(၇း၃၀)နာရီ ဂုဏ်တော်ကို စ၍ပွားသည်။ ခရီးပန်းနေခြင်း၊ ရိပ်သာဝန်းကျင်၌ တီးမှုတ်သံများဖြင့် ဆူညံနေခြင်းကြောင့် စိတ်ငြိမ်သက်မှုမရပါ။

### ၁-၁-၂၀၀၅၊ ၆၆ နတ်တော် (၆)

စိတ်ကြည်လင်စပြုနေသည်။ ပရိက်ပြုပြီး အရဟံဂုဏ်တော်ကိုပွားသည်။ မကြာမီ ခန္ဓာကိုယ် ပေါ့ပါးလာပြီး မှတ်လို့ကောင်းလာသည်။ မျက်နှာပိတ်ထားသည့် အဝတ်မည်းနေရာတွင် ဆန်စေ့ပမာ အလင်းဓာတ်ကလေးများကို တွေ့ရသည်။

### ၁-၁-၂၀၀၅၊ ၆၆ နတ်တော် (၆)

မွန်းလွဲ (၁း၃၀)နာရီ

အချက်ပြထိုးမောင်းသံ- တရားပြဆရာတော်ရှိရာ ဓမ္မာရုံသို့ သွားကြသည်။ ဆရာတော်မှ အရဟံဂုဏ်တော်ကို အူလိုက်သည်းလိုက် ရွတ်ပွားပုံကို ရှင်းလင်းပြသည်။ ယင်းနည်း အတိုင်းပွား၍ စိတ်အလွန်ငြိမ်သက်လာသည်ကို တွေ့၏။ စိတ်သည် တဖြည်းဖြည်းရင်ဝသို့ စုဝင်သွား၏။ အရဟံဂုဏ်တော်ကို ဆက်ပွား၍ စိုက်ကြည့်ရာ မီးပေါက်မီးဖွဲကလေးများပမာ ထင်ရ၏။

### ၂-၁-၂၀၀၅၊ ၆၆ နတ်တော်လဆုတ် (၇)

နံနက် (၇း၀၀)နာရီ

ဆရာတော်မှ မေတ္တာပွားနည်း သင်ပေး၏။ ည (၇ နာရီမှ ၁၀း၃၀) နာရီ

### ၃-၁-၂၀၀၅၊ ၆၆ နတ်တော်လဆုတ် (၈) နံနက်

ဆရာတော်မှ အသုဘဘာဝနာပွားနည်း သင်ပေးသည်။ အရဟံဂုဏ်တော်၊ မေတ္တာ ကမ္မဋ္ဌာန်းတို့ကိုလည်း လက်မလွှတ်ရန် တရားဝင်တိုင်း ပွားများရန် အမိန့်ရှိသည်။

### ၄-၁-၂၀၀၅၊ ၆၆ နတ်တော်လဆုတ် (၈) ညနေ (၃း၃၆)နာရီ

ဂဏနနည်း စတင်ရှုမှတ်သည်။ ဝါရရေ၊ ဝါရမှတ် ရှုမှတ်၍ (၈၀) ဝါရရေသို့ ရောက်သော် ခန္ဓာကိုယ်တစ်ခုလုံး အလင်းတုံးကဲ့သို့ဖြစ်လာသည်။ နှာသီးဖျားသည် ပျောက်သကဲ့သို့ဖြစ်ပြီး တွယ်ရာမဲ့လျက် ရှုမှတ်နေရသည်။ သဏ္ဍာန်မရှိပါ။ ထိုစဉ် မျက်ရည်ထွက်လာပြီး ငိုချင်သကဲ့သို့ဖြစ်၍ ခန္ဓာကိုယ်သည်လည်း လေထိုးထားသည့် ဘောလုံး လေလျော့လိုက်သလိုဖြစ်ကာ အလင်း ရောင်ပါပျောက်သွား၏။

### ၅-၁-၂၀၀၅၊ ၆၆ နတ်တော်လဆုတ် (၉) နံနက် (၇း၀၀)နာရီ

မျက်နှာတွင် စည်းနှောင်ထားသည့် အဝတ်မည်းကို အလင်းဖောက်၍ မျက်နှာပတ် မရှိသကဲ့သို့ ထင်ရသည်။ တံခါးပေါက်မှန်များကို အတိုင်းသားမြင်နေရသည်။

**ညနေပိုင်း-** အစပိုင်းတွင် အလင်းရောင်များ ဖြစ်နေသည်။ နောက်ပိုင်းတွင် အလင်း နိမိတ်များ ပျောက်ကွယ်ကုန်ပြီး ထိုင်မှတ်လည်း မကောင်းတော့ပါ။ ဆင်ခြင်ကြည့်ရာ အမှတ်ကိုလည်း ဝီရိယကဲလွန်စွာ ဒုန်းစိုင်းပြီး ရှုမှတ်နေမိသည့်အဖြစ်ကို တွေ့ရ၏။ နဂိုစိတ်အေးလက်အေးပုံစံဖြင့် ပြန်ရှုရာ အလင်းနိမိတ် ပြန်လာသည်။

### ၆-၁-၂၀၀၅၊ ၆၆ နတ်တော်လဆုတ် (၁၀) နံနက်

အာနာပါန အားထုတ်ရေတွက်မှု ကောင်းမွန်လာ၏။ မိမိရှုမှတ်ရန် မလိုတော့ပါ။ သူ့ဘာသူသူ အလုပ်လုပ်နေတော့၏။ အလွန်သက်သာသည်။ အလင်းရောင် အထုအထည် မရှိတော့။ အလွန်ကြည်သော အရောင်ဖြစ်လာ၏။

ဆရာတော်က နှာသီးဖျားမှ လေနိမိတ်ကိုသာ ရှုမှတ်ရမည်၊ အလင်းရောင်နောက် မလိုက်ရဟု အမိန့်ရှိသဖြင့် တန်ဖိုးရှိသော သင်ခန်းစာကောင်း တစ်ခုကို ရရှိလိုက်သည်။

### ၆-၁-၂၀၀၅၊ ၆၆ နတ်တော်လဆုတ် (၁၁)

သမာဓိထူထောင်၍ နှာသီးဖျားကို စိုက်ကြည့်ရာ မီးငွေ့ကဲ့သို့ လက်ညှိုးတစ်လုံးစာခန့် အငွေ့တန်းတစ်ခုကို တွေ့ရသည်။ အလင်းရောင်ကဲ့သို့ မဟုတ်ပါ။ အလင်းကဲ့သို့လည်း မမြင်ရပါ။ အငွေ့သဘောကိုသာ တွေ့ရ၏။ ယင်းအငွေ့၏ နံဘေးမှ တောက်ပသည့် အလင်းနိမိတ်များကို တွေ့ရ၏။

### ၇-၁-၂၀၀၅၊ ၆၆ နတ်တော်လဆုတ် (၁၂) ညပိုင်း

နှာသီးဖျားမှ အမှုန်ကလေးများ ထွက်နေပါသည်။ နှာသီးဖျားနှင့်တစ်ထွာခန့်တွင် လိမ္မော်သီးခန့် အလွန်တောက်ပသည့် အလင်းလုံးတစ်လုံး တွေ့ရသည်။ ခန္ဓာဝန်းကျင်တွင် အလွန် တောက်ပသည့် သောကြာကြယ်ကဲ့သို့ အလင်းလုံးများကိုလည်း တွေ့ရသည်။

### ၈-၁-၂၀၀၅၊ ၆၆ နတ်တော်လဆုတ် (၁၃)

မထူးခြားပါ။ အလင်းများနှင့်သာ ရှုမှတ်နေရ၏။

### ၉-၁-၂၀၀၅၊ ၆၆ နတ်တော်လဆုတ် (၁၄)

တစ်နေ့လုံး စိတ်တိုင်းမကျပါ။ နိမိတ်လမ်းကြောင်းပေါ် အောင်ရှုရာ လမ်းကြောင်းနံဘေးမှ အလင်းလုံးများ အလင်းပြောက်များက တိုးဝင်ရှုပ်ထွေး နှောင့်ယှက်သဖြင့် စိတ်တိုင်းမကျဖြစ် နေ၏။

စိတ်မကျေပွဲအဖြစ် ညနေ (၅း၃၅)တွင် သမာဓိစတင်ထူထောင်ပြီးရှုရာ ည (၁၀)နာရီ ကျော်သည့်တိုင်အောင်နိမိတ်လမ်းကြောင်းမပေါ်သဖြင့် စိတ်ဓာတ်ကျကာ ခန္ဓာကိုယ်ကို သက်သာစေ၍ အိပ်မှတ်ဖြင့် ပြောင်းမှတ်ရန် စိတ်ကူးပေါ်ပြီး အိပ်ရာထဲ လျောင်းလိုက်သည်။

မကြာမီ အလွန်ဖြူဖွေးတောက်ပသည့် အလင်းတန်းသည် နှာခေါင်းမှ ထွက်ပေါ်လာပါသည်။ လမ်းကြောင်း အလွန်ရှင်းသည်။ ဝမ်းမြောက်သည့်စိတ်ပေါ်ရာ ပျောက်သွားသည်။ နောက် တစ်ကြိမ် ထပ်ပေါ်ပြန်သည်။ ဝမ်းမမြောက်သော်လည်းထပ်ပျောက်သည်။ ထိုအလင်းရောင်ကြောင့် ညသန်းခေါင် (၂း၁၁)နာရီအထိ အိပ်မပျော်တော့ပါ။ အိပ်၍မရတော့ပါ။ (၃း၃၃) နာရီတွင် အိပ်ရာမှထ မျက်နှာသစ် ဆက်မှတ်ရာ ပျောက်သွားပြန်သည်။

### ၁၀-၁-၂၀၀၅၊ ပြာသိုလဆန်း (၁)

ရှည်ရှည်ရှိုက်မည်၊ ထုတ်မည်။ အာနာ၊ ဒုတိယနည်း။

ညသည် မှောင်မိုက်နေ၏။ သို့သော် အကွက်ဝိုင်းကလေးဆီမှ အလင်းကွက်ကလေး ဖြစ်ပေါ်နေ၏။ ယင်းအလင်းကွက်ကလေးဆီသို့ ရှည်ရှည်လေး ထုတ်လိုက်ရာ တရိပ်ရိပ် ထွက်ပြေးသွား၏။ အလင်းကွက်မှ အရောင်နှင့်လေကြောင်းကလေး၏ အရောင်သည် ယှက်ကူးနေ၏။

### ၁၁-၁-၂၀၀၅၊ ပြာသိုလဆန်း(၂)

အပေါက်ဖောက် သင်ခန်းစာဖြစ်သည်။ သမာဓိထူထောင်သည်။ ဖောက်သည် မရပါ။ ည(၈း၃၀) သမာဓိကို ကြိုးစားထူထောင်သည်။ ဖောက်သည် မရပါ။

### ၁၂-၁-၂၀၀၅၊ ပြာသိုလဆန်း (၃)နံနက်

ဆရာတော်အားလျှောက်ထားရာ သံသယဝင်တတ်ကြောင်း၊ ထုထည်ကြီးမားသည့်အရာကို ဖောက်မှဖောက်နိုင်ပါမလားဟု သံသယဖြစ်မိတတ်ကြောင်း၊ ဖောက်လျှင်ပေါက်ရမည်ဟု သဘောထားရမည်ဖြစ်ကြောင်း အမိန့်ရှိပြီး လက်နှိပ်ဓါတ်မီးထိုးကာ ရှင်းပြသည်။

နံနက် (၇း၀၀ မှ ၈း၃၅)

အဆောင်ခန်းဖေါက်၍ ပေါက်သွားသည်။ အပြင်ဖက်မြေပြင်ကို လရောင်မှိန်မှိန်ဖြင့် ရှုရ သကဲ့သို့ ရေးရေးမြင်ရ၏။ အားမရပါ။ သမာဓိပြန်ထူထောင်၏။ သမာဓိသည် အားကောင်း လာ၏။ ဖောက်ကြည့်ပြန်သည်။ အပေါက်သာမက ခန္ဓာကိုယ်ကြီးပါပေါက်ထွက်သွားသည်။ ခန္ဓာကိုယ်သည် အလင်းတုံးဖြစ်သွား၏။ အံ့အားသင့်ပြီး စိုက်ကြည့်ရာ ရေခဲတုံး၊ မှန်တုံးများကဲ့သို့ ကြည်လင်သွားသည်။ ထပ်စိုက်ကြည့်ရာ အရိပ်တုံးကြီးပမာဖြစ်၍ ဘာဆိုဘာမျှမရှိတော့ပါ။ အတွေးတစ်ခု ဝင်လာသည်။

အရူပပြဟ္မာများ၌ ရုပ်မရှိ၊ နာမ်သာရှိ၏ဟု စာပေကျမ်းဂန်၌ဆိုထားရာ သည်အတိုင်းဖြစ် နေမှာပဲဟု ထင်မြင်မိ၏။

### ၁၃-၁-၂၀၀၅၊ ပြာသိုလဆန်း (၄)

နံနက် (၁)နာရီ စောစောထရှုသည်။

ပတ်ဝန်းကျင်ကိုရေးရေးရှုမြင်နေရ၏။ နေ့နံနက်. . .

၁။ လှပဒါး

၂။ မှော်ဘီဘိုးဘိုး

၃။ဦးရသေ့ကျောင်းဘုရား

၄။မှော်ဘီအရှေ့တောင်ဘုရားတို့ကို ဖူးရ၏။

၅။ ရွှေတိဂုံ

၆။ ဆူးလေ

၇။ ဗိုလ်တထောင်စေတီများကို ဖူးရသည်။

### ၁၄-၁-၂၀၀၅၊ ပြာသိုလဆန်း(၅)

၁။ မယ်လမု

၂။ကျိုက်ပေါလောစသည့်

အောက်မြန်မာပြည်ဘုရားများကိုဖူးရ၏။

### ၁၅-၁-၂၀၀၅၊ ပြာသိုလဆန်း(၆)

အိန္ဒိယ၊ သီဟိုဠ်ဘုရားများကို ဖူးရ၏။

### ၁၆-၁-၂၀၀၅၊ ပြာသိုလဆန်း(၇) နံနက်

နတ်ပြည်၊ ဗြဟ္မာပြည်ဘုရားများကို ဖူးရ၏။

### ညနေပိုင်း၊ ညပိုင်း

(လုံးစုံလင်းရာ တဥ္စသာ) သင်ခန်းစာဖြစ်၏။ နှာခေါင်းမှချက်အထိ လေကြောင်းသည် အားထုတ်ရင်း အမည်းကြောင်းကြီးဖြစ်လာသည်။ ကြာသော်ညိုဝါဝါ ဖြစ်လာသည်။ ထို့နောက် လင်းလာသည်။ ထို့နောက် နှာခေါင်းအောက်ဒွါရ အထက်ဦးထိပ် ပြောင်းရွှေ့ရှုမှတ်ရာ နှာခေါင်းအောက်ဒွါရ အထက်ဦးထိပ် လေသွားလမ်းကြောင်းတစ်လျှောက် အဖြူကြောင်းများ ဖြစ်လာ၏။ ညအခါ အလင်းရောင်ထွက်သည့် ပိုးပရွက်များ တန်းစီလျှောက်သွားနေသကဲ့သို့ ထင်ရ၏။

ထိုမှ အောက်တစ်တောင် အထက်တစ်တောင် တိုးချဲ့ပြန်ရာ အောက်ဒွါရ အထက်ခေါင်းများ ပေါက်ထွက်သွားပြီး လင်းလက်သွားပြန်၏။ ခန္ဓာကိုယ်၏ အောက် ဖင်ထိုင်အပေါက်သည် အလင်းဖြင့် လင်းလက်မှု ပိုများ၏။ အပြာနုဖန်တုံးကဲ့သို့ ဖြစ်၏။ တစ်စတစ်စ တိုးချဲ့သွားရာ အောက်နက်ရှိုင်းရာသို့ အလင်းရောက်သွားသလို အထက်ဖက်သို့ အလင်းပိုမြင့်မား တိုးတက်သွား၏။

### ၁၆-၁-၂၀၀၅၊ ပြာသိုလဆန်း (၇)ည

ယနေ့ည (စမှာ ငြိမ်းလေဘိ) သင်ခန်းစာဖြစ်၏။ ရှု၍ မကြာမီ အလင်းနိမိတ်များ တစ်စ တစ်စ ရုပ်သိမ်းကာ နှာသီးဖျားဆီသို့ စုဝင်လာ၏။ မကြာမီ နှာသီးဖျားမှ တစ်ဆင့် ခန္ဓာကိုယ် အတွင်းပိုင်းသို့ စုဝင်သွား၏။ မှောင်အတိကျသွား၏။ ဥပမာ လျှပ်စစ်မီးဖြင့် အမြဲတမ်း ထိန်လင်း နေသည့် အိမ်တစ်ဆောင်သည် ရုတ်တရက် မီးပြတ်သဖြင့် မှောင်အတိ ကျရောက်သွားသည်နှင့် အလားတူ၏။

ခန္ဓာကိုယ်သည် တစ်စတစ်စ ပူလောင်နေမှု၊ တွန်းထိုးလှုပ်ရှားမှု၊ အထိုင်ကြာသဖြင့် ခါးကိုက်ပေါင်လှုပ်၊ ဇက်ကိုက်မခံသာမှု စသည်တို့ တစ်စတစ်စ ချုပ်ငြိမ်းလာ၏။ ခန္ဓာကိုယ် အလယ်ကြောင်းတစ်လျှောက် သက်သာလာ၏။ အအေးဓါတ်ရောက်လာ၏။ ဘယ်ညာ ဒူးနှစ်ဖက်တွင်မူ အပူငွေ့များ ကျန်နေသေး၏။ အာနာပါနကိုသာ ဖြည်းညင်းသက်သာစွာ ရှုမှတ်နေရာ ဒူးနှစ်ဖက် အပူငွေ့များအစား အအေးဓါတ်များ တစ်စတစ်စ ယှက်သန်းထွေးပတ် လာသည်။

ခန္ဓာကိုယ်သည် ပင်လယ်လှိုင်းအပေါ် ထိုင်နေရသလို ယိမ်းထိုးနေ၏။ ထိုင်လို့အတော် ကောင်း၏။ အတော်ဇိမ်ခံ၍ ကောင်းသည့် ရှုကွက်ဖြစ်၏။ သည်အတိုင်း ဇိမ်ခံ၍ ရှုနေမည်ဆိုပါက ခန္ဓာကိုယ်ကြီးကို ထောင်မထားနိုင်ဘဲ လဲကျရုံသာရှိသည်။ သို့သော် အတွင်း၌ ဓာတ်အား တစ်မျိုးကို တွေ့ရ၏။ ဥပမာပြရန်ခက်လှ၏။ အနီးစပ်ဆုံးပြောရသော် အသံတိတ်ဖြစ်ပေါ်နေသော အရှိန်အဟုန်တစ်ခု ဖြစ်သည်။

www.foreverspace.com.mm

### ၁၇-၁-၂၀၀၅၊ ပြာသိုလဆန်း(၈)

### နံနက်စောစော ရူပပရိဂ္ဂဟ

ရင်ဝတွင် ရုပ်၊ ရုပ်ဟု စိုက်ရှုနေ၏။ မကြာမီ ခန္ဓာကိုယ်ကြည်လင်လာ၏။ ဖန်တုံးကဲ့သို့ ထင်ရသည်။ ဖန်တုံးအလယ်တွင်မူ အလင်းတုံးကို ခပ်လျားလျား အနေအထားတွေ့ရ၏။ သဘော ပြောရသော် အလွန်ကြည်လင်သည့် ရေအိုင်အလယ်တွင် လင်းနေသည့် အရာကို ရှုရသကဲ့သို့ ဖြစ်သည်။

### ညနေပိုင်း ရူပပရိဂ္ဂဟ

ဟဒယဝတ္ထုနေရာကို စိုက်ရှုရာ ရှုရင်း မှန်ဝိုင်းကဲ့သို့ အလင်းကွက်ကလေးဖြစ်လာ၏။ ပြဒါးသုတ်မှန်နှင့်တူသော်လည်း ယင်းကဲ့သို့ အရောင်မခြောက်ပါ။ အရည်လည်ပြီး လက်နေကာ အတော်ကြည့်၍လှသည်။

### ညပိုင်း နာမပရိဂ္ဂဟ

ဟဒယဝတ္ထုနေရာကို သိ၊ သိဟု ရှုမှတ်နေသည်။ သမာဓိအားကောင်းလာ၏။ ထိုအခါ ခန္ဓာကိုယ်သည် မှန်သားကဲ့သို့ကြည်နေရာမှ တဖြည်းဖြည်း အမှောင်ရောင်သို့ ပြောင်းသွားသည်။ ခန္ဓာကိုယ်သဏ္ဍာန်ပါပျောက်သွား၏။ သဘောတရားသာ ရှိတော့၏။ ဥပမာအားဖြင့် ခံစားမှု သဘော၊ မှတ်သိမှုသဘော၊ အားထုတ်စေ့ဆော်မှုသဘော၊ ညွတ်သိနေမှုသဘောကိုသာ ရှုနေ၏။

ခန္ဓာကိုယ်မှ ပြောင်းရွှေ့ပြီး ဟဒယဝတ္ထုနေရာသို့ ပြောင်းရွှေ့ရှုရာ အလင်းရောင် ဖြစ်လာသည်။ ယင်းအလင်းသည် ရှုရင်း စုဝေးလာသည်။ မကြာမီ အလင်းကွက် ဖြစ်သွား၏။ ယင်းအလင်းသည် အလွန်တောက်ပသည်၊ အဖြူလွှန်အမှုန့်ကလေးများဖြစ်ပြီး အမြဲတမ်း ခုန်ပျံ နေသည်။ လွင့်ပျံနေသည်။ ကန္နီနည်းတည်း။

(မှတ်ချက်။ ။ ထိ သိ ကမ္မဋ္ဌာန်းတွင် ဤဉာဏ်တွင်ဓာတ်ခွဲရှုရ၏။ ရှုကာစတွင် မည်သည့် လက္ခဏာဟု မထင်ရှား၊ နာမရူပပရိစ္ဆေဒဉာဏ်ဖြစ်ပေါ်ပါက -၁တ်လက္ခဏာများ ထင်ရှားလာ၏။ ကွဲပြားလာ၏။)

### ပစ္စယပရိဂ္ဂဟ

ဝေဒနာပြင်းပြင်းထန်ထန်ဖြစ်ပေါ်နေတတ်၏။ ယောဂီအားလုံး အကြောက်ဆုံးနေရာဖြစ်သည်။ တစ်နည်းပြောရသော် ဝေဒနာ၏ (ဆင်းရဲခံစားမှု၏) မဆင်းသက်မီ အမြင့်ဆုံးတောင်ထိပ်သို့ ရောက်နေသည့်အချိန်ဖြစ်၏။ ထိုအခါ ဆင်ခြင်၏။ ငါသည် တရားထိုင်နေသည်မှာ (၂)နာရီ မပြည့်သေး။ သို့သော် သည်းမခံနိုင်အောင် ဝေဒနာဖြစ်ပေါ်၏။ မိမိနေရာတွင် တရား မရှုဘဲ နေထိုင်စဉ် (၂) နာရီမက ထိုင်နေသော်လည်း ဝေဒနာမဖြစ်။ နာရီပေါင်းများစွာ ထိုင်နေ၊အိပ်နေသော်လည်း ကိုက်ခဲနာကျင်မှု မဖြစ်။ ယခုမူကား နာလိုက်သည့်ဖြစ်ခြင်း၊ သေသည် ပင်လျှင် ဤလောက်နာကျင်မည်မဟုတ်။

ထိုသို့ဝေဒနာဖြစ်ပေါ်ရခြင်းသည် (တရားအားထုတ်မှုကြောင့် = တရားသဘောကြောင့်) (အကြောင်း) ဖြစ်ပေါ်လာသော ဆင်းရဲဝေဒနာ ပင်တည်း။ (အကျိုး) ဟု ဆင်ခြင်၏။

ခန္ဓာကိုယ်၌ ယနပြိုကွဲနေပြီဖြစ်သည်။ (ဝေဒနာမှ ကျော်သွားသည်) ထိုအချိန်တွင် နားနေ၍မဖြစ် ဆက်ရှုရ၏။ မရှုသော် ယနပြန်ဖြစ်သည်။ ယနပြန်ဖြစ်သော် နောက်တစ်ကြိမ် ခက်တတ်သည်။ (ဤကား အာစရိယမုဋ္ဌိဋ္ဌာနဖြစ်၏)

ဤကား ထိသိ ကမ္မဋ္ဌာန်း၌ တွေ့ရှိချက်တည်း။ ကန္နီကမ္မဋ္ဌာန်းကို ပြန်ဆက်ပါအံ့။

### ၁၈-၁-၂၀၀၅၊ ပြာသိုလဆန်း(၉)

### ပစ္စယပရိဂ္ဂဟဉာဏ်

ရှုကာစ မကြာမီ ခန္ဓာကိုယ်သည် အလင်းခဲကဲ့သို့ ဖြစ်နေ၏။ ယင်းကို စိုက်ရှုရာ မီးပန်းပေါက်ပေါက်ကဲ့သို့လည်းကောင်း၊ တီဗီဖန်သားပေါ်တွင် ရုပ်မပေါ်မီ ဖြစ်နေသော အလင်း စက်၊ အလင်းပေါက်ကဲ့သို့လည်းကောင်း ဖြစ်နေ၏။ မကြာမီ ဖန်သားကဲ့သို့ ကြည်လာသည်။ ဖန်သားအလယ်တွင် အလင်းရှိ၏။ အားလုံးသည် မီးပေါက်၊ မီးစက်၊ အလင်းအစက်ကလေးများသာဖြစ်သည်။ အကြည်ပြာရင့်သို့ ပြောင်းပြန်သည်။ အစက်ကလေးများဖြစ်မှုမူ မပြောင်းပါ။

### ၁၉-၁-၂၀၀၅၊ ပြာသိုလဆန်း (၉)

### ၂၀-၁-၂၀၀၅၊ ပြာသိုလဆန်း(၁၀)

### အဒ္ဓါနပရိဂ္ဂဟဉာဏ်

ဝယ်လ်ဒိန်ဆော်ရာမှ ထွက်နေသည့် မီးစက်မီးပေါက်များကဲ့သို့ ရှုနေရ၏။ ခန္ဓာကိုယ်အား ဖန်တုံးကဲ့သို့ တွေ့မြင်ရပြီး အပေါ်ပိုင်းတွင် ဆူပွက်နေသလို ထင်မြင်ရ၏။ အတွင်းပိုင်းတွင်မူ ရုပ်ကလာပ်များ မွမွကြေလျက်လည်းကောင်း၊ အစက်အပျောက်များ ပေါ်လိုက် ဖြစ်လိုက်လည်းကောင်း၊ မိုးသီးမိုးပေါက်များကဲ့သို့လည်းကောင်း ထင်မြင်၏။

တရိပ်ရိပ်ဖြစ်ပြီး တံလျှပ်ကဲ့သို့ အလွန်လျင်မြန်စွာ ဖြစ်နေမှုကိုလည်းကောင်းတွေ့ရ၏။

### ထိသိကမ္မဋ္ဌာန်းနည်း

ဤကမ္မဋ္ဌာန်းတွင် ယနကိုသာ ကျနစွာ ဖြိုခွဲနိုင်ပါစေ၊ ဓာတ်လက္ခဏာကိုသာ ကျနပိုင်စွာ ပိုင်းခြားနိုင်ပါစေ၊ ဉာဏ်တက်အလွန်လျင်မြန်၏။ သာမန်ပုဂ္ဂိုလ်များ မည်သည့်ဉာဏ်ဟု မမှန်းဆနိုင်ပါ။ ဥပမာ သမ္မသန၊ ဥဒယဗ္ဗယ ဘင်္ဂဟု မခွဲခြားနိုင်အောင် ချက်ချင်းတက်သွားတတ်၏။

### သမ္မသနဉာဏ်

### ခန္ဓာကိုယ်

အတွင်း၌ ဟောင်းလောင်းပေါက်ဖြစ်သွား၏။ မာနေသည့်ကြမ်းပြင် (ထိုင်နေသည့်နေရာ) သည် ပျော့အိလာ၏။ လှိုင်းလုံးပေါ်ထိုင်နေရသလိုဖြစ်၏။ ရင်ထဲ၌လှိုက်ခါ၏။ မျက်ရည်ထွက် လျက်ငို၏။ ကြက်သီးထလျက် ကတုန်ကယင်ဖြစ်၏။ ကြက်သီးတဖြန်းဖြန်း ထွက်သည်။ ခန္ဓာကိုယ်အတွင်း စက်ခုတ်ထားသလို တုန်ခါ၏။ ခန္ဓာကိုယ်၌ အအေးဓာတ်ပေါ်၏။ ငြိမ်းလည်း ငြိမ်းချမ်း၏။

အပူဓာတ် ပေါ်၏။ ရှုလျက် ချက်ချင်းပျောက်၏။ အကိုက်အခဲပေါ်၏။ ရှုပျောက်ဖြစ်၏။ ဘာဓာတ်လက္ခဏာပေါ်ပေါ် ဤနေရာ၊ ဤဉာဏ်တွင် ချက်ချင်းပျောက်၏။

### သမ္မသနဉာဏ်

### စိတ်ပိုင်းဆိုင်ရာ

နက်နဲသည့် သဘောများကို တွေးဆ၊ ဆင်ခြင်တတ်၏။ ဥပမာ နာမ်သက်သည့် ရုပ်သက်ထက်လျင်မြန်၏။ တိုတောင်း၏ဟု ကျမ်းဂန်ဆို၏။ အဘယ်ကြောင့် အဘယ်သို့ လျင်မြန် သနည်း။ အကယ်၍ ရုပ်သက်ထက်နာမ်သက်က အသက်ပိုရှည်ခဲ့သော် သဘာဝဓမ္မသည် မည်သို့ ဖြစ်သွားနိုင်သနည်းဟုလည်းကောင်း သုံးသပ်လျက်အဖြေရှာ၏။

အဝိနိဗ္ဘောဂရုပ်-ဟုဆို၏။ မီးတောက်ထဲ ရေရှိနိုင်သလား၊ ရေထဲ၌ကော မီးတောက်ကြီး ထတောက်နေသလားဟု သုံးသပ်လျက် အဖြေရှာနေ၏။

### ဥဒယဗ္ဗယဉာဏ်

ခန္ဓာကိုယ်တစ်ခုလုံး အမြုပ်တစီစီထွက်နေသည့် ထမင်းအိုးကဲ့သို့လည်းကောင်း၊ ဆီးကင်းခန့်ရှိသည့် အမြုပ်ရေပွက်များကဲ့သို့လည်းကောင်း၊ မိုးသီးမိုးပေါက်ကဲ့သို့လည်းကောင်း ထင်ရှားစွာ ဖြစ်၏။

မကြာမီ အလုံးကလေးများ သေးငယ်သွား၏။ ငယ်သထက် ငယ်သွား၏။ နောက်ဆုံး ပျောက်သွားပြီး မဖြစ်တော့ဟု ထင်သွားရ၏။ သို့သော် ခန္ဓာကိုယ်မှာမူ ပေါ့ပါးလျက် ယိမ်းယိုင် ယိမ်းယိုင်ဖြစ်နေ၏။

### ဘင်္ဂဉာဏ် (ဆရာမပြလျှင် မှားချက်ကြီးသည့် ဉာဏ်)

ဥဒယဗ္ဗယဉာဏ်မှ အလွန်ထင်ရှားစွာ ရှုလိုက်ရပြီးနောက် ပျောက်ဆုံးသည်ဟု ထင်လိုက်ရခြင်းသည်မဟုတ်ပါ။ ခန္ဓာကိုယ်အပေါ်ပိုင်း အပေါ်ယံမှာ မရှိတော့ပါ။ ရှု၍မရတော့ပါ။ ဤနေရာတွင် လမ်းဆုံးနေသည့် ယောဂီအများစုကို ဝမ်းနည်းစွာတွေ့နေရသည်။ မည်သည့် နည်းနှင့်မျှ လမ်းမှန်ကို လက်မခံတော့ပါ။ အကြမ်းရုပ်ကိုသာ အားပါးတရ ရှုချင်ကြ၏။

တကယ်ရှုရမည်မှာ. . .

အတွင်းပိုင်းရောက်သွားပြီဖြစ်၏။ အလွန်နူးညံ့၏။ အလွန်သိမ်မွေ့၏။ အလွန်လျင်မြန်၏။ (လျင်မြန်ပုံကို ဥပမာမပြနိုင်ပါ) ဤလျင်မြန်ပုံကို ထောက်ဆ၍ မျက်စိတစ်မှိတ်၊ လျှပ်တစ် ပြက်အတွင်း ရုပ်သက်ဝီထိပေါင်း ကုဋေငါးထောင်ကျော်ဖြစ်သည်ဟု ကျမ်းဂန်ပြဆိုထားချက်ကို အကြွင်းမရှိ ထောက်ခံလိုက်သည်။ ယုံမှားမဲ့ဖြစ်တော့သည်။

အပြင်ပိုင်းခန္ဓာကိုယ် အစိုင်အခဲ (ယန)အားလုံး ပြိုထွက်သွား၏။ သဏ္ဌာန်ဒြပ်ပါ မဲ့သွားသည်။ လျင်မြန်လွန်းသော တရိပ်ရိပ်ကိုဉာဏ်လိုက်မမီနိုင်ပါ။ မောတော့၏။ ဆရာသမားက ပြတ်ထွက်နေသည့် အဆုံးပိုင်းကလေးမှာ အသိကိုတင်ထားရကြောင်း လမ်းပြသဖြင့် ယင်းအပေါ် မှေးစီးပြီး ငေးလျက်တင်ထားရမှန်း သဘောပေါက်သွား၏။

မကြာမီ-

အလွန်လျင်မြန်သော်လည်း ရှု၍ရလာ၏။ အလွန်သေးငယ်သော အမှုန်ကလေးများ အဟုန်ကဲ့သို့ ပြောင်းလွှဲနေမှန်း ရိပ်စားမိ၏။ ပျက်နေမှန်းသိရှိ၏။ အဖြစ်ကို ရှာ၍မရပါ။ ရှုရင်း သမာဓိအားကြီးလာသော် တစ်ကိုယ်လုံး ဖြစ်ပေါ်နေသော ပျောက်နေမှု သဘောတရားသည် တဖြည်းဖြည်းစုဝင်လာ၏။ ထိုသို့ စုဝင်လာလျှင် မည်သည့်နည်းနှင့်မျှ ဖြန့်ထုတ်၍မရပါ။ သူ့အလို လို ပြန်ဖြန့်မှ ပြန့်သည်။ နောက်ဆုံးရင်ဝ၌ လာစု၏။ ပျက်နေပုံ အစုအဝေးကလေးကို ရှုနေရင်း ထိတ်ကနဲ ဖြစ်သွားတတ်၏။ ဘာမှဖြစ်ပါ။ စိတ်လည်းရှိ၏။ ရုပ်လည်းရှိ၏။ သို့သော် စုဝေးနေသည့် အပျက်ကလေးများ ဖရိုဖရဲဖြစ်သွား၏။ မကြာမီပြန်စုမည်။ မစုလျှင်ပြန်ဖြန့်ထွက်သည်။

ဤနေရာတွင် ဆရာသမားက ကိုင်းရှုကွာ. . . အဲဒီနေရာ အရေးကြီးဆုံးဉာဏ် အစိတ်အပိုင်းပဲ။ မင်းပါရမီရှိရင် ရောက်မယ်။ ဘာဉာဏ် ဘာဉာဏ်လို့တော့ ခွဲမပြနိုင်ဘူး၊ မျက်စိ တစ်မှိတ် လျှပ်တစ်ပျက် အတောအတွင်းမှာ လေးမဂ်၊ လေးဖိုလ်ဆိုက်တယ်ဆိုတာ ကျမ်းဂန်မှာ ရှိတယ်မဟုတ်လား၊ သိပ်လျင်မြန်တာ၊ အသေးစိတ်မခွဲနိုင်ဘူး။ ကိုင်း. . . ကိုယ့်ဘာသာကိုယ် ရှုတော့ဟု ရှုခိုင်းလိုက်တော့၏။

ဤကား ထိသိကမ္မဋ္ဌာန်းမှ တွေ့ရှိချက် အကျဉ်းတည်း။

အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ<br>
ဆရာတော် ဦးနန္ဒဝံသ<br>
တရားဟောကျောင်း<br>
ဇေယျဝတီကျောင်းတိုက်၊<br>
ထားဝယ်မြို့။

www.foreverspace.com.mm

## ဓမ္မရသ

၁။ ကျွန်တော်သည် အသက်(၂၈)နှစ်ခန့်မှစ၍ ဘုရား၊ တရား၊ သံဃာရတနာသုံးပါးတို့၏ ဂုဏ်တော်ဂါထာများအား အစဉ်ရွတ်ပွားပူဇော်မှုများ ပြုလုပ်ခဲ့ပါသည်။ ရံဖန်ရံခါ၌လည်း ဗုဒ္ဓဂုဏ်တော်ဂါထာများအား အဓိဋ္ဌာန်တင်၍ ပုတီးစိတ်ရွတ်ပွား ကြည်ညိုမှုများ ပြုလုပ်ခဲ့ပါသည်။ ထူးခြားသော အကျိုးပေးများနှင့် အခက်အခဲ အကြပ်အတည်းနှင့် ဘေးအန္တရာယ် အမျိုးမျိုးတို့မှ ထူးခြားစွာ လွတ်မြောက်ကျော်လွှားနိုင်ခဲ့ခြင်းများလည်း ရှိခဲ့ပါသည်။ ဤကဲ့သို့ ဗုဒ္ဓဂုဏ်တော်ဂါထာများ၊ အဓိဋ္ဌာန်တင် ပုတီးစိတ်မှုများနှင့် ရင်းနှီးကျွမ်းဝင်မှုများ ရှိခဲ့သော်လည်း အာနာပါနကမ္မဋ္ဌာန်းကိုမူ တစ်ကြိမ်တစ်ခါမှ ဆောင်ရွက်ခဲ့ဘူးခြင်း မရှိခဲ့ပါ။

၂။ ၂၀၀၃ခုနှစ်၊ ဇန်နဝါရီလအတွင်း ကျွန်တော် ဝန်ကြီးဌာန တာဝန်ဖြင့် မန္တလေးမြို့သို့ ရောက်ခဲ့ပါသည်။ ၎င်းအချိန်က ရဋ္ဌပါလဓမ္မရိပ်သာ တရားစခန်း၏ ကျောင်းဒကာကြီးဖြစ်သူ ဦးဖေညာဏ်၏ကောင်းမှုဖြင့် ရန်ကင်းတောင်ခြေ၌ ဖွင့်လှစ်ထားရှိသော ရန်ကင်းအေးငြိမ်းရိပ်သာ တရားစခန်းသို့ ရောက်ရှိသွားခဲ့ပြီး မဟာကမ္မဋ္ဌာနာစရိယ မောင်းထောင်မြေဇင်းတောရ ဆရာတော်ဘုရားကြီးအား ဖူးမျှော်ကြည်ညို ပူဇော်ခွင့် ရရှိခဲ့ပါသည်။ ဦးဖေညာဏ်၏ စီစဉ်ပေးမှုဖြင့်ပင် ကမ္မဋ္ဌာန နည်းပြ ဆရာတော် ဦးမန္တလ၏ လမ်းညွှန်မှုဖြင့် အာနာပါန သမထ ကမ္မဋ္ဌာန်းအား (၂)နာရီခန့် ရှုမှတ်ပူဇော်ခွင့်ရရှိခဲ့ပါသည်။ ယင်း(၂)နာရီခန့်မျှ ရှုမှတ်ပူဇော်ခဲ့ရသော အာနာပါန တစ်ရှူတစ်ရှိုက်သည် ကျွန်တော့်အတွက် တောက်လျှောက်မမေ့နိုင်ခဲ့သော တစ်ရှူတစ်ရှိုက်ပင်ဖြစ်ခဲ့ပါသည်။ ယင်း(၂)နာရီခန့် ရှုမှတ်ပူဇော်ခဲ့ရသည့် အာနာပါန ကမ္မဋ္ဌာန်း၏ တည်ငြိမ်အေးချမ်းငြိမ်သက်မှုသည် တာဝန်များဖြင့် နေ့ညမပြတ် သွားလာလှုပ်ရှားနေခဲ့ရသော ကျွန်တော်အဖို့ အလွန်တရာ အေးမြငြိမ်းချမ်းလှသည့် ဓမ္မရေကြည် တစ်စက်ပင် ဖြစ်ခဲ့ပါသည်။ ဤ(၂)လ တရားစခန်းအား ဝင်ရောက်အားထုတ်ခွင့်ရခဲ့လျှင် ကောင်းလေစွဟူ၍လည်း အကြိမ်ကြိမ်တောင့်တ ဆန္ဒပြုခဲ့မိပါသည်။ သို့ရာတွင် (၂)ရက်မျှပင် ရက်အားမပေးနိုင်ခဲ့သည့် အခြေအနေများအရ ဤ(၂)လတာ ကမ္မဋ္ဌာန်းတရားစခန်းအား ပြင်းပြသော အာရုံဆန္ဒများဖြင့် တောင့်တနေခဲ့ရရုံမှအပ တစ်စုံတစ်ရာ အားထုတ်ဆောင်ရွက်နိုင်ခဲ့ခြင်း မရှိခဲ့ပါ။

၃။ သို့ဖြစ်၍ နိုင်ငံတော် တာဝန်များမှ အနားယူခွင့်ရရှိပြီးနောက် အခြေအနေများ ပေးလျှင်ပေးခြင်း ကျွန်တော်၏ ပထမဦးဆုံး ရွေးချယ်တည်ရာဌာနမှာ ကန္နီမဟာဥပနိသျှ အာနာပါနတရားစခန်း ဖွင့်လှစ်ထားရှိရာ မော်ဘီမြို့ရှိ ရဋ္ဌပါလတရားစခန်းသို့ပင် ဖြစ်ခဲ့ပါသည်။ သဒ္ဓါတည်းဟူသော ဗုဒ္ဓမြတ်စွာဘုရားရှင်နှင့် ဗုဒ္ဓ၏ ဓမ္မတရားတော်များအပေါ် ယုံကြည်ပူဇော် ကြည်ညိုမှုအပြည့်ဖြင့် ဝိရိယတည်းဟူသော အားထုတ်စူးစိုက်မှုကိုလည်း အပြည့်အဝ ကြိုးပမ်းအားထုတ်ဆောင်ရွက်ခဲ့ပါသည်။ မိမိနှင့်ထိုက်သင့်သမျှသော ထူးခြားဆန်းကျယ်လှသည့် ဗုဒ္ဓဓမ္မ ဂုဏာ အစိန္တိယာ ဂုဏ်ထိုက်သော ဓမ္မတရားတော်၏ အတွေ့အကြုံများနှင့် ဓမ္မ ပီတိရသများကို လည်း တွေ့ကြုံရရှိခံစားခဲ့ရပါသည်။

၄။ ကန္နီမဟာဥပနိသျှ ရဋ္ဌပါလတရားစခန်းသို့ (၂၀. ၇. ၂၀၀၅)ရက်နေ့၊ ၁၃၆၇ ခုနှစ်၊ ဝါဆိုလပြည့်နေ့တွင် စတင်ရောက်ရှိခဲ့ပြီး (၂၁. ၇. ၂၀၀၅)ရက်နေ့မှစ၍ ရက်(၆၀)တရားစခန်း ဝင်ခဲ့ရပါသည်။ ကန္နီနည်းအစ အရဟံဂုဏ်တော်ကဟူသည့်အတိုင်း (၂၁. ၇. ၂၀၀၅)ရက်နေ့မှ (၂၃. ၇. ၂၀၀၅)ရက်နေ့အထိ ပထမ(၃)ရက်တွင် အရဟံဂုဏ်တော်အား ပွားများရှုမှတ်ခဲ့ရပါသည်။ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး၏ ဂုဏ်တော်ကိုးပါးတို့အား သဒ္ဓါအထူးကြည်ညိုမှုဖြင့် ရည်စူးပူဇော်၍ "အရဟံ လူနတ်ပြဟ္မာ သတ္တဝါတို့၏ ပူဇော်အထူးကို ခံယူတော်မူထိုက်သော မြတ်စွာဘုရား"ဟု အကြိမ်ကြိမ်နှလုံးသွင်း ရှုပွားပူဇော်ခဲ့ရပါသည်။ ဤကဲ့သို့ အကြိမ်ကြိမ် နှလုံးသွင်း ရှုပွားပူဇော်ခဲ့ရာ ဒုတိယမြောက်နေ့ဖြစ်သည့် (၂၂. ၇. ၂၀၀၅) ရက်နေ့ညတွင် ပဉ္စဝဂ္ဂီ(၅)ဦးတို့အား ဓမ္မစကြာတရား ဟောကြားနေသည့် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး၏ ပုံတော်နှင့် ရေအစုံမီးအစုံ တန်ခိုးဗျာဒိဟာ ပြသနေသည့် မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီး၏ ပုံတော်တို့အား ကြည်ညိုဖူးမျှော်ပူဇော်ခဲ့ရပါသည်။ သို့ရာတွင် နိမိတ်တို့၏ သဘောကိုနည်းလည်သိရှိခြင်း မရှိသေးသည့်အတွက် မိမိသဒ္ဓါကြည်ညိုလွန်၍ စိတ်တွင်ပေါ်လာသလားဟု ထင်မှတ်မိခဲ့ပါသည်။

၅။ ၎င်းနောက် မေတ္တာကမ္မဋ္ဌာန်းအား (၂၄. ၇. ၂၀၀၅)ရက်နေ့မှ (၂၅. ၇. ၂၀၀၅)ရက်နေ့အထိ (၂)ရက်ပွားများ ရှုမှတ်ခဲ့ရပါသည်။ အရပ်(၁၀)မျက်နှာ မေတ္တာပို့သနည်းနှင့်တကွ (၃၁) ဘုံရှိ လူနတ်ပြဟ္မာသတ္တဝါအပေါင်းတို့အားလုံးတို့အားလည်းကောင်း၊ နိုင်ငံတော်အကြီးအကဲ ပုဂ္ဂိုလ်ကြီးများနှင့် မိမိ၏အကြီးအကဲဖြစ်ခဲ့သော ပုဂ္ဂိုလ်များတို့အားလည်းကောင်း၊ မိမိ၏မိသားစုနှင့် ဆွေမျိုးမိတ်ဆွေများ၊ လုပ်ဖော်ကိုင်ဖက်ဖြစ်ခဲ့သူများတို့အားလည်းကောင်း အကြိမ်ကြိမ်မေတ္တာ ပို့သ၍ မေတ္တာကမ္မဋ္ဌာန်းအား စီးဖြန်းဆောင်ရွက်ခဲ့ပါသည်။ မေတ္တာကမ္မဋ္ဌာန်း ရှုမှတ်ပွားများခြင်း၏ အေးမြငြိမ်းချမ်းသည့် နှစ်သိမ့်မှုပီတိရသအား ရရှိခံစားခဲ့ရပါသည်။

၆။ (၂၆. ၇. ၂၀၀၅)ရက်နေ့မှ (၂၇. ၇. ၂၀၀၅) ရက်နေ့အထိ မရဏာနုဿတိကမ္မဋ္ဌာန်းအား (၂)ရက်ဆက်လက်ရှုပွားရပါသည်။ မိမိ၏ ယခု မျက်မြင်ပတ်ဝန်းကျင်တွင် နေ့စဉ်သေဆုံးနေကြသော ပုဂ္ဂိုလ်သတ္တဝါတို့၏ သေဆုံးနေမှုများအား အာရုံပြု၍ "အားလုံးသော သတ္တဝါတွေ တစ်သုတ်သုတ် တဖြုတ်ဖြုတ် တစ်ဖွဲဖွဲ တသဲသဲသေနေကြသလို ငါလဲ မုချသေရမှာဘဲ၊ သေရမှာဘဲ"ဟု မိမိကိုယ်မိမိ ယခုပင် သေရတော့မလို ထင်ယောင်ရှုမှတ်ပွားများခဲ့ရပါသည်။ ဤကဲ့သို့ ရှုမှတ်ပွားများခဲ့ရာတွင် မိမိ၏ပတ်ဝန်းကျင်တွင်၌ နေ့စဉ်သေဆုံးနေကြသော ပုဂ္ဂိုလ်သတ္တဝါတို့၏ တစ်သုတ်သုတ် တစ်ဖြုတ်ဖြုတ် တစ်ဖွဲဖွဲ တစ်သဲသဲ သေဆုံးနေမှုများအား ဂရုပြုမြင်တွေ့လာရပါသည်။ မိမိသည်လည်း တစ်နေ့မုချ သေရမှာဘဲ၊ ယခုသေလျှင်ကော ဘာဖြစ်မလဲဟု မိမိကိုယ်မိမိ ပြင်ဆင်မွမ်းမံထားသော အလောင်းကောင်ကြီးသဖွယ် ဆင်ခြင်ရှုမှတ်နေရင်းဖြင့် သေခြင်းတရားဟူသည် ဖြစ်မြဲဓမ္မတာပါတကား၊ သေခြင်းသာလျှင် အမြဲရှိပါတကားဟူသည့် သေခြင်းတည်းဟူသော အပျက်တရားဖြင့်သာ နောက်ဆုံး အဆုံးသတ်ရပါတကားဟု သေခြင်းတရားသာလျှင် အမြဲတည်ရှိနေမှုနှင့် အသက်ရှင်သန်မှု၏ တည်မြဲမှုမရှိခြင်း သဘောတို့အား ဆင်ခြင်ရှုမှတ်လာနိုင်ခဲ့ပါသည်။ သေခြင်းတရားအပေါ် မကြောက်တော့သော၊ သေခြင်းတရားအား လစ်လျူရှုနိုင်သော၊ သေခြင်းတရားအပေါ် တည်ငြိမ်မှုရှိသော သမာဓိတည်ကြည်မှုများလည်း ရရှိလာခဲ့ပါသည်။ ပုထုဇဉ်သတ္တဝါတို့၏ ဘဝရှင်သန်မှုတွင် သေခြင်းတရားသည် အဆုံးစွန်သော ပျက်စီးခြင်းတရား၊ အဆုံးစွန်သော ဆုံးရှုံးမှုတရားနှင့် အကြောက်ရွံ့ဆုံးသော ပျက်စီးဆုံးရှုံးမှု တရားကြီးဖြစ်သဖြင့် သေခြင်းတရားအပေါ် တည်ငြိမ်မှုရှိနေခြင်းသည် လောကဓံတရားတို့၏ ပျက်စီးဆုံးရှုံးမှုများအပေါ် တည်ကြည်ငြိမ်သက်မှုရှိခြင်း၊ ကောင်းစွာရင်ဆိုင်နိုင်ခြင်းနှင့် ကောင်းစွာ လျစ်လျူရှုနိုင်ခြင်းများပင်ဖြစ်သည်ဟု တွေ့မြင်လာရပါသည်။

၇။ ၎င်းနောက် အာနာပါနသမထကမ္မဋ္ဌာန်း၏ ပထမအဆင့်ဖြစ်သော "သတိမြဲရာ ပထမာ" ရှုမှတ်မှုအား (၂၈. ၇. ၂၀၀၅)ရက်နေ့မှ (၆. ၈. ၂၀၀၅)ရက်နေ့အထိ (၁၀)ရက်ရှုမှတ် ပွားများခဲ့ရပါသည်။ "သတိမြဲရာ ပထမာ"တွင် အာနာပါန ဂဏနနည်းဖြင့် နှာသီးဖျားရှိ ထွက်လေဝင်လေအပေါ်တွင် သတိမြဲထားရသော ရှုမှတ်မှုအား ရှုမှတ်ခဲ့ရပါသည်။ အာနာပါန ဝင်လေထွက်လေ ရှုမှတ်မှုဝါရေ(၈)ကြိမ်တွင် ဝါမှတ်(၁)ခုဖြင့် (၄၅)မိနစ်ခန့်တွင် ဝါရေဝါမှတ် ဝါသန့်(၁၀၀)နှုန်းခန့် ရှုမှတ်နိုင်ခဲ့ပါသည်။ စတင်ရှုမှတ်သည့်ရက်တွင် စုစုပေါင်း တရားထိုင် ရှုမှတ်ချိန်(၈)နာရီ (၅၀)မိနစ်နှင့် ဝါရေဝါမှတ်ဝါသန့် (၁၈၅၀)အထိ ရှုမှတ်နိုင်ခဲ့ပါသည်။ ဤအားထုတ်ကြိုးပမ်းရှုမှတ်မှုများသည် မိမိ၏ သမာဓိတည်မြဲမှုနှင့် နိမိတ်ရရှိမှုတို့အတွက် များစွာ အထောက်အကူဖြစ်စေခဲ့ကြောင်း နောက်ပိုင်း အတွေ့အကြုံများအရ သိရှိလာရပါသည်။

၈။ "သတိမြဲရာ ပထမာ" အဆင့်ရှုမှတ်ပွားများနေစဉ် စတုတ္ထမြောက်ရက်ဖြစ်သော (၃၁. ၇. ၂၀၀၅) ရက်နေ့ည၌ မိမိစတင်ရှုမှတ်၍ ဝါရေဝါမှတ် (၂၅၀)ခန့် အရောက်တွင် အခန်းထဲ၌ ဝါကျင့်ကျင့်အလင်းရောင် မှိန်မှိန်လင်းလာနေသည်ကို ဂရုပြုမိပါသည်။ အခန်းတွင်းရှိ ပစ္စည်းများကိုလည်း မှုံဝါးဝါး မြင်တွေ့နေရပါသည်။ ပထမတွင် အပြင်မှ မီးအလင်းရောင် အခန်းတွင်းဝင်နေသည်ဟု ထင်မိသော်လည်း နောက်ပိုင်းတွင် တရားစခန်းတစ်ခုလုံးနှင့် မိမိအခန်းတွင်း၌ပါ မီးများပိတ်ထားပြီး မိမိမျက်လုံးများပေါ်တွင်လည်း ပုဝါစည်း၍ ရှုမှတ်နေသည်ကို ဂရုပြုမိလာပါသည်။ အာနာပါနအလင်းနိမိတ်ဟူသည် ဤသို့ပါလားဟု မိမိသဘော ပေါက်လာမိပါသည်။ မိမိဝမ်းသာပီတိဖြင့် ဆက်လက်ရှုမှတ်နေရာ ဝါရေဝါမှတ်(၃၀၀)ခန့် အရောက်တွင် ထန်းပင်တစ်ပင်နှင့် ထုံးဖွေးဖွေးစေတီတော်တစ်ဆူ မိမိဦးခေါင်း၏ လက်ဝဲဘက် မျက်လုံးရှေ့ တစ်လံအကွာခန့်၌ ပေါ်လာပြီး သပ္ပာယ်စွာ ရပ်တည်နေပါသည်။ ဆက်လက်၍ ရှုမှတ်နေရာ ဝါရေဝါမှတ် (၂၀)ခန့်အကြာတွင် စေတီတော် ပျောက်ကွယ်သွားပါသည်။ မိမိ ဝမ်းသာကြည်နူးမှုအပြည့်ဖြင့် ဝါရေဝါမှတ် (၅၀၀)အထိ ဆက်လက်ရှုမှတ်ရာ ဝါကျင့်ကျင့်အလင်းရောင်မှာ အခန်းတွင်း၌ တောက်လျှောက်လင်းနေသည်ကို တွေ့ရှိရပါသည်။ ဝါရေဝါမှတ်(၅၀၀)အရတွင် မိမိဆုတောင်းမေတ္တာပို့အမျှပေးဝေ၍ မျက်နှာတွင် စည်းထားသော ပုဝါအား ဖယ်လိုက်ရာ အခန်းတွင်းရှိ အလင်းရောင်များပျောက်သွားပြီး ပြင်ပအမှောင်ထု အတိုင်း ပြန်ဖြစ်သွားသည်ကို တွေ့ရပါသည်။

၉။ နောက်တစ်နေ့ (၁. ၈. ၂၀၀၅)ရက်နေ့ နံနက် (၀၃း၀၀)နာရီအချိန်တွင် မိမိ ဝါရေ ဝါမှတ် စတင်ရှုမှတ်ခဲ့ရာ ဝါရေဝါမှတ် (၁၀၀)ခန့်အရောက်တွင် အခန်းတွင်း၌ အဖြူရောင်ကြည်ကြည် အလင်းမှိန်မှိန် ပြန်ပေါ်လာသည်ကို ဂရုပြုမိလာပါသည်။ အခန်းတွင်းရှိ ပစ္စည်းများကိုလည်း မှုံဝါးဝါးမြင်တွေ့နေရပါသည်။ ဆက်လက်ရှုမှတ်နေရာ ဝါရေဝါမှတ်(၁၅၀)ခန့်အရောက်တွင် ညကဖူးတွေ့ခဲ့ရသည့် ထန်းပင်တစ်ပင်နှင့် ထုံးဖွေးဖွေးစေတီတော်တို့အား ဦးခေါင်း၏ ဝဲဘက်မျက်လုံးရှေ့ တစ်လံအကွာခန့်တွင် သပ္ပာယ်စွာ ပေါ်လာသည်ကို ထပ်မံဖူးတွေ့ရပါသည်။ ဝါရေဝါမှတ် (၃၀)ခန့်အရောက်တွင် ယင်းထန်းပင်နှင့် စေတီတော် ပြန်လည်ပျောက်ကွယ်သွားခဲ့ပါသည်။ ဝိပဿနာ၏ အခြေခံအဆင့်ဖြစ်သော အကြောင်းတရားအား သိမ်းဆည်းခြင်း ရှုမှတ် ပွားများချိန်တွင် ယင်းထန်းပင်နှင့်ထုံးဖွေးဖွေးစေတီတော်မှာ မိမိ၏ အတိတ်ဘဝတစ်ခုတွင် ဘုန်းကြီးဘဝဖြင့် တည်ထားကိုးကွယ်ခဲ့သော စေတီတော်ဖြစ်ကြောင်း တွေ့မြင်လာခဲ့ရပါသည်။ မိမိဆက်လက်ရှုမှတ်နေစဉ် အခန်းတွင်ရှိ အဖြူရောင်ကြည်ကြည်အလင်းမှိန်မှိန်မှ အနည်းငယ် လင်းလာလိုက်၊ မူလခပ်မှိန်မှိန်အရောင် ပြန်ဖြစ်လိုက်ဖြစ်နေပါသည်။ ယင်းခပ်မှိန်မှိန် အလင်းရောင်၏ အနားသတ်တွင် မီးချောင်းအလင်းရောင်ကဲ့သို့ အလင်းရောင်များဝင်နေပြီး ဇာအနားသတ် သကဲ့သို့ ဖြစ်နေပါသည်။ မိမိဆက်လက်ရှုနေရာ အဖြူရောင်ကြည်ကြည် အလင်းရောင်ကြောင့် ရင်တွင်းစိတ်တွင်း၌ အေးမြကြည်လင်၍ နေပါသည်။ ဝါရေဝါမှတ်(၃၀၀) အရောက်တွင် ဆုတောင်းမေတ္တာပို့အမျှပေးဝေ၍ မိမိမျက်နှာတွင် စည်းထားသော ပုဝါအား ဖယ်လိုက်ရာ အခန်းတွင်းနှင့် အပြင်၌ပါ မှောင်နေပြီး နံနက် (၄)နာရီ (၅၀)မိနစ်ရှိနေသည်ကို တွေ့ရပါသည်။

၁၀။ နောက်တစ်နေ့ (၂. ၈. ၂၀၀၅)ရက်နေ့ နံနက် (၀၃း၀၀)နာရီအချိန်တွင် မိမိဝါရေ ဝါမှတ် စတင်ရှုမှတ်ပါသည်။ ဝါရေဝါမှတ် (၁၅၀)ခန့် အရောက်တွင် အခန်းတွင်း၌ ယမန်နေ့ နံနက်ကကဲ့သို့ အဖြူရောင်ကြည်ကြည် အလင်းရောင်များလင်းလာပြီး အခန်းတွင်းရှိ ပစ္စည်းများအား မြင်တွေ့နေရပါသည်။ ၎င်းအပြင်အခန်း၏ အပြင်ဘက်တွင်လည်း အဖြူရောင်ကြည်ကြည် လင်းနေပြီး သစ်ပင်များကိုပါ မြင်တွေ့နေရပါသည်။ ဝါရေဝါမှတ်(၃၀၀)အရောက်တွင် ဆုတောင်းမေတ္တာပို့ အမျှပေးဝေပြီး မိမိမျက်နှာတွင် စည်းထားသော ပုဝါအားဖယ်လိုက်ရာ အခန်းတွင်းနှင့် အပြင်၌ပါမှောင်နေပြီး နံနက် (၀၅း၀၀)နာရီ အချိန်ရှိနေကြောင်းတွေ့ရပါသည်။ ခဏအကြာတွင် တရားစခန်းတစ်ခုလုံး လျှပ်စစ်မီးများလင်းလာသဖြင့် မိမိအပြင်သို့ ထွက်ကြည့်ရာ စောစောက မြင်တွေ့ခဲ့ရသော မြင်ကွင်းအတိုင်းသစ်ပင်များအား မြင်တွေ့ခဲ့ရပါသည်။ အာနာပါန ကမ္မဋ္ဌာန်းအလင်းနိမိတ်အား မိမိစတင်ရရှိခဲ့ပြီဟု ယုံကြည်မှတ်ယူခဲ့မိပါသည်။

၁၁။ ၎င်းနောက် အာနာပါန သမထကမ္မဋ္ဌာန်း၏ ဒုတိယအဆင့်ဖြစ်သော 'ဒုမှာ တိုရှည်သိ' ရှုမှတ်မှုအား (၇. ၈. ၂၀၀၅)ရက်နေ့မှ (၂၀. ၈. ၂၀၀၅)ရက်နေ့အထိ (၁၄)ရက် ရှုမှတ်ပွားများခဲ့ရပါသည်။ 'ဒုမှာ တိုရှည်သိ' ရှုမှတ်ပွားများမှုမှာ မိမိအခန်းနံရံတွင် စိတ်မှတ်ဖြင့် အမှတ်အသားတစ်ခုပြုလုပ်၍ နံရံမှ တစ်တောင့်ထွာခန့် အကွာအဝေးမှ ထိုင်လျက်ဖြင့် အာနာပါနလေနိမိတ်အပို့အယူ လုပ်ရခြင်းဖြစ်ပါသည်။ မိမိစတင်ရှုမှတ်ပွားများခဲ့ရာ ပထမနေ့ ဖြစ်သည့် (၇. ၈. ၂၀၀၅)ရက်နေ့ (၁၅း၄၀)အချိန်ခန့်တွင် နှာသီးဖျားမှ နံရံရှိ အမှတ်အသားသို့ အာနာပါန ထွက်လေဝင်လေ အပို့အယူပြုလုပ်ခြင်းအား ပြုလုပ်အောင်မြင်ခဲ့ပါသည်။ (၁၅း၃၀) နာရီအချိန်တွင် မျက်နှာအား ပုဝါစည်း မျက်လုံးမှိတ်၍ နှာသီးဖျားရှိ ထွက်လေအား နံရံရှိ အမှတ်အသားသို့ ပို့ခြင်း ဝင်လေဖြင့်ပြန်၍ယူခြင်းများ ပြုလုပ်ရှုပွားပါသည်။ ဤကဲ့သို့ အကြိမ်ကြိမ် ရှုမှတ် အပို့အယူပြုလုပ်နေစဉ် ခဏအကြာ၌ နှာသီးဖျား

www.foreverspace.com.mm

နှင့် နံရံရှိအမှတ်အသားတို့ကြားတွင် ဝါကျင့်ကျင့် နိမိတ်အလင်းကြောင့် ပေါ်လာပါသည်။ ၎င်းနောက် အဖြူရောင်သန့်သန့် နိမိတ်လမ်းကြောင်း ပေါ်လာပါသည်။ ၎င်းနောက် ဖန်သားကဲ့သို့ ကြည်လင်သော နိမိတ်လမ်းကြောင်းပေါ်လာပါသည်။ ယင်းနိမိတ်လမ်းကြောင်းအတိုင်း နှာသီးဖျားမှ ထွက်လေနိမိတ်အား နံရံရှိ အမှတ်အသားသို့ပို့ခြင်း နံရံရှိ အမှတ်အသားမှ နှာသီးဖျားသို့ ဝင်လေနိမိတ်ဖြင့် ပြန်၍ ယူခြင်းတို့အား အကြိမ်ကြိမ် ဆက်လက်ပြုလုပ်ရရှိခဲ့ပါသည်။ 'ပင်လယ်ကူး အဆင့်' ဟုခေါ်ဆိုသော 'ဒုမှာ တိုရှည်သိ'အဆင့်၏ ပထမအဆင့် ရှုမှတ်ပွားများမှုအား မိမိမှ ရှုပွားအောင်မြင်ခဲ့ခြင်း ဖြစ်ပါသည်။

၁၂။ ၎င်းနေ့ည (၂၀း၄၅)အချိန်မှ (၂၁း၁၅) အချိန်ထိ နှာသီးဖျားမှ နံရံသို့ အာနာပါန လေနိမိတ်အပို့အယူ ပြုလုပ်ခြင်းအား မိမိမှ ပြန်လည်ရှုမှတ် ပြုလုပ်ပါသည်။ ရှေးဦးစွာ နှာသီးဖျားနှင့် နံရံရှိ အမှတ်အသားတို့၏ အကြားတွင် ထွက်လေဝင်လေ နိမိတ်နှင့်အတူ ဖန်သားကဲ့သို့ ကြည်လင်သော အဖြူရောင်နိမိတ်လမ်းကြောင်းပေါ်လာပါသည်။ ၎င်းနောက် အဖြူရောင်နိမိတ်လမ်းကြောင်း၏ ထိပ်နံရံပေါ်ရှိ အမှတ်အသားနေရာတွင် ရှေးဦးစွာ အပြာသား အကြည်ရောင်၊ ၎င်းနောက် အစိမ်းနုရောင်သန္တာရောင်၊ ခရမ်းရောင်၊ အညိုရောင်၊ အဖြူရောင်၊ ရွှေရောင်၊ အနီရောင် အလင်းရောင်များတစ်လှည့်စီ ပေါ်လာပါသည်။ ၎င်းနောက် ၎င်းအလင်းရောင်များသည် နံရံရှိ အမှတ်အသား၏ဘေးတွင် ဝိုင်းလျက် နဝရတ်လက်စွပ်တွင် ကျောက်မျက်ရတနာများ ဝိုင်းရံစီချယ်ထားသကဲ့သို့ ပေါ်လာပါသည်။ ၎င်းနောက် အလင်းရောင်များအားလုံးမှ ရောင်ခြည်တော်အလင်းရောင်များ ထွက်ပေါ်လာပါသည်။ မိမိလက်အုပ်ချီ၍ ရှုမှတ်ပူဇော်နေစဉ် ခဏအကြာ၌ အလင်းရောင် တစ်ခုစီ ပေါ်လာလိုက် လင်းနေလိုက်ဖြင့် ခဏအကြာတွင်ပျောက် သွားပါသည်။ နှာသီးဖျားနှင့် နံရံအမှတ်အသားကြားရှိ ဖန်သားအကြည်ကဲ့သို့ အဖြူရောင် နိမိတ်အလင်းတန်းသာ ဆက်လက်တည်ရှိနေပါသည်။ ခဏအကြာတွင် မိမိရှုမှတ်မှုအား ရပ်လိုက် ပါသည်။ နောက်တစ်နေ့ နံနက် (၀၃း၀၀)နာရီအချိန်မှ (၀၅း၀၀)နာရီအချိန်ထိ တစ်ကြိမ် နှာသီးဖျားမှ နံရံရှိ အမှတ်အသားသို့ အပို့အယူများ ထပ်မံရှုမှတ်ပါသည်။ ညကကဲ့သို့ ရောင်ခြည်တော်စက်ဝိုင်းများပေါ်လာခဲ့သဖြင့် မိမိကြည်နူးဝမ်းမြောက်စွာ နှစ်သိမ့်ပီတိများစွာဖြင့် ကြည်ညို ပူဇော်ခဲ့ပါသည်။

၁၃။ နောက်နေ့များတွင် နံရံမှ အကွာအဝေး (၄) တောင်ခန့်အထိ ဆုတ်၍ အာနာပါန ထွက်လေဝင်လေနိမိတ် အပို့အယူ ဆက်လက်ပြုလုပ်ခဲ့ပါသည်။ (၁၀. ၈. ၂၀၀၅)ရက်နေ့ နံနက် (၀၃း၀၀)အချိန်မှ (၀၄း၄၀)အချိန်ထိ မိမိအိပ်ယာ ကုတင်ပေါ်၌ ထိုင်၍ ဝါရေမှတ်ရှုမှတ်နေစဉ် အဝါရောင်နိမိတ်လုံးပေါ်လာပြီး နှာသီးဖျားတွင် ကပ်၍ နေသည်ကို ဂရုပြုမိလာပါသည်။ သို့ဖြစ်၍ မိမိကုတင်ပေါ်မှ ဆင်းပြီး နှာသီးဖျားမှ နံရံရှိ အမှတ်အသားဆီသို့ အာနာပါန ထွက်လေဝင်လေ နိမိတ်အား အပို့အယူပြုလုပ်ကြည့်ပါသည်။ အဝါရောင်နိမိတ်လုံးအား နံရံရှိ အမှတ်အသားပေါ်သို့တင်၍ ရှုမှတ်ကြည့်ရာ နှာသီးဖျားနှင့် နံရံအကြား အလင်းနိမိတ်လမ်းကြောင်း ချက်ခြင်းပေါ်လာပါသည်။ မိမိမှ အဝါရောင်နိမိတ်လုံးအား အာနာပါနနိမိတ် အလင်းလမ်းကြောင်းအတိုင်း နံရံမှ နှာသီးဖျားဆီသို့ ဆွဲယူကြည့်ခြင်း၊ နှာသီးဖျားမှနံရံဆီသို့ ပြန်ပို့ကြည့်ခြင်းများ ပြုလုပ်၍ ကြည့်ပါသည်။ အကြိမ်ကြိမ်အပို့အယူပြုလုပ်၍ ရသဖြင့် မိမိသည် နိမိတ်အလင်းလုံးအား လိုသလိုစေလွှတ်အသုံးပြုသွားနိုင်မည့်လမ်းစပေါ်သို့ ရောက်ပြီဟု ယုံကြည်လာမိပါသည်။ အလွန်ကြည်နူးဝမ်းမြောက်ဝမ်းသာဖြစ်ရမှု၊ ဗုဒ္ဓဘုရားကိုယ်တော်မြတ်ကြီး၏ ဓမ္မတရားတော်အပေါ် သဒ္ဓါကြည်ညို ယုံကြည်ပူဇော်မှုတို့ဖြင့် မိမိနံရံသို့ အပို့ အယူပြုလုပ် နေခြင်းအား (၀၅း၀၀) နာရီအချိန်တွင် ရပ်တန့်လိုက်ပါသည်။

၁၄။ကြင်းနေ့တွင် တစ်ခုခု ထူးထူးခြားခြား ဖြစ်ပေါ်လာလိမ့်မည်ဟူသော ယုံကြည်မှုဖြင့် မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးနှင့် အနန္တောအနန္တငါးပါးတို့အား အကြိမ်ကြိမ်ရှိခိုး ပူဇော်ကန်တော့ခြင်း၊ ဆုတောင်းမေတ္တာပို့အမျှဝေခြင်းများပြုလုပ်ပါသဖြင့် ကန္နီ မဟာဥပနိသျှကမ္မဋ္ဌာန်း တရားတော်မြတ်အား အဆင့်ဆင့် လမ်းညွှန်ပြသပေးတော်မူခဲ့ကြသည့် ကန္နီဆရာတော်ဘုရားကြီး၊ မြေဇင်းမောင်းထောင်တောရ ဆရာတော်ဘုရားကြီးတို့နှင့် ကမ္မဋ္ဌာနနည်းပြဆရာတော်ရှိမ္မကား ဆရာတော်ဘုရားကြီးတို့အား အကြိမ်ကြိမ် ရှိခိုးကန်တော့၍ ဆုတောင်းမေတ္တာပို့ အမျှပေးဝေခြင်းများ ပြုလုပ်ပါသည်။ ၎င်းနောက် သိကြား၊ နတ်ပြဟ္မာများနှင့် သမ္မာဒေဝ နတ်ကောင်းနတ်မြတ်များ၊ သာသနာတော်စောင့်နတ်များ၊ စတုလောကပါလနတ်များ၊ ကိုယ်စောင့်နတ်၊ ကမ္မဋ္ဌာန်း ကျောင်းဆောင်စောင့်နတ်၊ တရားစခန်းစောင့်နတ်များကိုပါ အကြိမ်ကြိမ် မေတ္တာပို့ အမျှပေးဝေခြင်း များပြုလုပ်ပါသည်။ ၎င်းနောက် ယနေ့ယခုအချိန်ထိ မိမိပြုခဲ့သမျှသော ကုသိုလ်ကောင်းမှုအဝဝတို့၏ အဖို့ဘာဂတို့အား အမျှရကြကုန်သည်ဖြစ်၍ "ယခုမိမိကျင့်ကြံအားထုတ်နေသော သမထကမ္မဋ္ဌာန်း၊ ဝိပဿနာကမ္မဋ္ဌာန်းတို့အား ချမ်းသာလွယ်ကူသော အကျင့်မြတ်အသိထူးတို့ဖြင့် ထူးခြားလျင်မြန်စွာ ပေါက်မြောက်အောင်မြင်စေရေးအတွက် ဝိုင်းဝန်းကူညီစောင့်ရှောက်ပေးတော်မူကြပါ။ ယခု မိမိကျင့်ကြံပွားများအားထုတ်နေသော အာနာပါနအလင်းနိမိတ်နှင့် ပဋိဘာဂ အလင်းနိမိတ် ထူထောင်တည်ဆောက်နေခြင်းတို့အား ယနေ့ည (၂၁း၀၀)နာရီအချိန် မတိုင်မီ ပေါက်မြောက်အောင်မြင်စေရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက် ပေးတော်မူကြပါ။ ၎င်းနောက် သမာဓိအလင်းနိမိတ်အား ကောင်းလာစေရေးအတွက် တနေကုန် ဝါရေ ဝါမှတ် ရှုမှတ်ပွားများပါသည်။ ခေတ္တရပ်နားချိန်များတွင် လမ်းလျှောက်ရှုမှတ်၍ အကြိမ်ကြိမ်ဆုတောင်း မေတ္တာပို့အမျှပေးဝေခြင်းများဖြင့် ယုံကြည်မှုတည်ဆောက်ခဲ့ပါသည်။

၁၅။ ည (၁၉း၀၀)အချိန်အထိ မိမိ နှာသီးဖျားမှ နံရံရှိ အမှတ်အသားသို့ အာနာပါန ထွက်လေဝင်လေ အပို့အယူပြုလုပ်မှု စတင်ပြုလုပ်ပါသည်။ အာနာပါန လေနိမိတ်နှင့်အတူ အဖြူရောင် အကြည်အလင်း နိမိတ်တန်းချက်ခြင်းပေါ်လာပါသည်။ ၎င်းအလင်း နိမိတ်တန်း၏ နံရံဘက်ရှိ ထိပ်တွင် ရွှေသားအတိပြီးသော ဘုံဗိမာန်များ၏ ခေါင်မိုးများ အစီအရီ ပေါ်လာပါသည်။ မိမိမှ "တပည့်တော်အနေဖြင့် လောလောဆယ် ဤရှုမြင်ကွင်းများအား မကြည့်ရှုလိုသေးပါ။ တပည့်တော်အနေဖြင့် အာနာပါနနိမိတ်နှင့်အတူ ဖြစ်ပေါ်လာမည့် ပဋိဘာဂ အလင်းနိမိတ်အစစ်အမှန်ကိုသာ ရယူပိုင်ဆိုင်ခံစားလိုပါသည်"ဟုအာရုံပြုရာ ယင်းရွှေသားဗိမာန် ခေါင်မိုးများ တဖြည်းဖြည်းပျောက်သွားပြီး အာနာပါနလေနိမိတ်လမ်းကြောင်းအတိုင်း ရွှေကြိုးလုံးလေးသဏ္ဌာန် ရွှေရောင်အလင်းတန်းလေး ကျန်နေခဲ့ပါသည်။ ၎င်းနောက်ယင်း ရွှေရောင် အလင်းတန်းလေး၏နေရာတွင် အဖြူရောင်နိမိတ်အလင်းတန်းလေး ပေါ်လာပါသည်။ ၎င်းအဖြူ ရောင်နိမိတ်အလင်းတန်း၏ထိပ်တွင် အဝါရောင်အလင်းနိမိတ်လုံးလေး ပေါ်လာပါသည်။ ခဏအကြာတွင် ယင်းအဝါရောင်အလင်းနိမိတ်လုံးလေးသည် အဖြူရောင် နိမိတ်လုံး အဖြစ် ပြောင်းသွားပါသည်။ ယင်းအဖြူရောင်အလင်းနိမိတ်လုံးအဖြစ်ပြောင်းသွားချိန်တွင်ပင် မိမိအခန်း တစ်ခုလုံးအတွင်း၌ အဖြူအကြည်ရောင်အရောင်များ လင်းသွားပါသည်။ တစ်ချိန်တည်းတွင် မိမိရှုမှတ်နေသော အခန်းနံရံကြီး တစ်ခုလုံး ပျောက်သွားပြီး အခန်း၏ အပြင်ဘက်ရှိ ရွှေဘိုဆရာတော်ဘုရားကြီး၏ ကမ္မဋ္ဌာန်းကျောင်းဆောင်ငယ်နှင့် သစ်ပင်များပါ ပေါ်လာပါသည်။ ခဏအကြာတွင် မိမိတို့ တရားစခန်းတစ်ခုလုံးအား အဖြူအကြည်ရောင် မှုန်ပြပြအလင်းရောင် အောက်တွင် အပေါ်စီးမြင်ကွင်းဖြင့် မြင်တွေ့နေရပါသည်။ ယင်းအချိန်တွင် ကမ္မဋ္ဌာန နည်းပြဆရာတော်ရှိမ္မကားဆရာတော်ကြီး၏ "မိမိသဘောနှင့်ဘာမှ မလုပ်ကြနှင့်ဦး"ဟု မှာထားသော စကားအား သတိရလာသဖြင့် အလင်းနိမိတ်အား တဖြည်းဖြည်း ပြန်သိမ်းခဲ့ပါသည်။ ခဏအကြာတွင် တရားစခန်းအဆောက်အဦးများပျောက်သွားပြီး မိမိအာနာပါန လေနိမိတ်နှင့် အလင်းတန်းလေးသာပြန်ပေါ်လာပါသည်။ အာနာပါန လေနိမိတ်မှာ လေဟာပြင်ထဲသို့ ပို့လွှတ်နေသလိုခံစားရပါသည်။ မိမိအနေဖြင့် နံရံဖောက်ရှုမှတ်လေ့ကျင့်မှု အဆင့်မရောက်သေးမီ အာနာပါနအလင်းနိမိတ်ဖြင့် အခန်းနံရံကြီးတစ်ခုလုံးပွင့်သွားခဲ့ခြင်းဖြစ်ပါသည်။ ဗုဒ္ဓဘုရားရှင် ကိုယ်တော်မြတ်ကြီး၏ ဇဝံအစိန္တိယာ ဗုဒ္ဓဓမ္မာ၊ ဗုဒ္ဓဓမ္မဂုဏာ အစိန္တိယာ ဟူသော ဓမ္မတရားတော် တို့သည်ကား အလွန်တရာထူးခြားဆန်းကြယ်လှပါပေတကား ကြည်ညိုပူဇော်၍ မဝနိုင်ရှိပါပေတကားဟူ၍ အလွန်ဝမ်းသာကြည်နူးမှု ဓမ္မပီတိဖြစ်မှုတို့ဖြင့် မိမိရှုမှတ်ပွားများနေခြင်းကို ဆုတောင်းမေတ္တာပို့အမျှပေးဝေ၍ ရပ်တန့်လိုက်ပါသည်။

၁၆။ နောက်တနေ့တွင် ယင်းပဋိဘာဂ အလင်းနိမိတ်ကို ပိုမိုအားကောင်းသည်ထက် အားကောင်းအောင် ရင့်သန်သည်ထက် ရင့်သန်လာအောင် ရှုမှတ်ပွားများခဲ့ပါသည်။ ၎င်းနောက် (၁၂. ၈. ၂၀၀၅)ရက်နေ့မှစ၍ တရားစခန်းအတွင်းရှိ မဂ္ဂင်ဆောင်နှင့် ကမ္မဋ္ဌာန်းကျောင်းဆောင် များအား ဖောက်ထွင်းကြည့်ရှုခြင်းများ ပြုလုပ်ရပါသည်။

၁၇။ နောက်ရက်များတွင် ယင်းအာနာပါန အလင်းနိမိတ်ဖြင့် မော်ဘီတစ်ဝိုက်ရှိ စေတီဘုရားများအား ဖူးမျှော်ကြည်ညိုခြင်းများပြုလုပ်ပါသည်။ ၎င်းနောက် ရန်ကုန်မြို့ပေါ်ရှိ ကျိုက္ကလို့ စေတီ၊ ကျိုက္ကလဲ့ စေတီ၊ ကျောက်တော်ကြီးဘုရား၊ မယ်လမုဘုရား၊ စွယ်တော်မြတ်စေတီ၊ ကမ္ဘာအေးစေတီနှင့် ရွှေတိဂုံစေတီတော်မြတ်ကြီးတို့အား ဖူးမျှော်ရပါသည်။

၁၈။ ၁၅. ၈. ၂၀၀၅ ရက်နေ့ (၂၁း၃၀)နာရီ အချိန်မှ (၂၂း၀၀)နာရီအချိန်အထိ ရွှေတိဂုံစေတီတော်မြတ်ကြီးအား အလင်းနိမိတ်ဖြင့် ဖူးမျှော်ရာတွင် ရွှေတိဂုံစေတီတော်မြတ်ကြီး စတင် တည်ထားကိုးကွယ်ခဲ့စဉ်က မိမိရပ်ရွာအကြီးအမှူးတစ်ဦးအဖြစ် ပါဝင်တည်ထားခဲ့ရပုံ၊ စေတီတော်၏ ဌာပနာတိုက်များနှင့်တကွ အဆင့်ဆင့်တည်ထားပူဇော်ခဲ့ရပုံများနှင့် ဌာပနာတိုက်တို့အား ဖူးမျှော်ကြည်ညိုခဲ့ရပါသည်။ ဘုရားရှင်လေးဆူတို့၏ တောင်ဝှေးတော်၊ ရေသနုပ်တော်၊ ရေစစ်တော်နှင့် ဆံတော်ရှင်တို့အား ရတနာများဖြင့် ပူဇော်လျက် ရောင်ခြည်တော်များကွန့်မြူးလျက် ဖူးမျှော်ကြည်ညိုခဲ့ရပါသည်။ ၎င်းပြင် စေတီတော်မြတ်ကြီးအား မူလစေတီတော် အရွယ်အစားအဆင့်မှ ယခုလက်ရှိ စေတီတော်မြတ်ကြီးအရွယ်အစားအထိ ပြန်လည်ပြုပြင်မွမ်းမံချိန်နှင့် နောက်တခါပြန်လည်ပြုပြင်မွမ်းမံချိန်များတို့တွင် မိမိပါဝင်ကြီးဆောင်ရွက်ခဲ့ရသည်များအား ပြန်လည်၍ မြင်တွေ့ဖူးမျှော်ရပါသည်။ ၎င်းနောက် ယင်းနိမိတ် အာရုံများပျောက်သွားပြီး ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဖူးမျှော်ရပါသည်။

၁၉။ နောက်ရက်တွင် ပဲခူးမြို့တဝိုက်ရှိ ဘုရားများနှင့် ကျိုက်ပေါလော မဲ့ရှင်ဘုရား၊ ကျိုက်ထီးရိုးစေတီတော်၊ သထုံ ရွှေစာရံစေတီတော်တို့အား ဖူးမျှော်ရပါသည်။ နောက်ရက်တွင် ပြည်မြို့တဝိုက်ရှိ စေတီဘုရားများ၊ မကွေးမြသလွန်ဘုရား၊ ပုဂံစွယ်တော်ရှင်(၄)ဆူနှင့် အာနန္ဒာဘုရားများ၊ မန္တလေးမဟာမြတ်မုနိရုပ်ရှင်တော်မြတ်နှင့် မန္တလေးတောင် ဘုရားများအား ဖူးမျှော်ရပါသည်။ ၁၈. ၈. ၂၀၀၅ ရက်နေ့တွင် သီဟိုဠ်နိုင်ငံရှိ ထူပါရုံစေတီတော်၊ မဟာစေတီတော်၊ ဗောဓိပင်နှင့် ကန္ဒီစွယ်တော်တိုက်တို့အား ဖူးမျှော်ရပါသည်။ ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ဥဏှာလုံးမွေးတော်ရှင်၊ ညှပ်ရိုးတော်နှင့် စွယ်တော်မြတ်တို့အား အဖြူရောင်ကြည်လဲ့လဲ့ ရောင်ခြည်တော်များဖြင့် ဖူးမျှော်ခဲ့ရပါသည်။

၂၀။ ၁၉. ၈. ၂၀၀၅ ရက်နေ့နံနက်ပိုင်းတွင် ဗုဒ္ဓဂါယာရှိ စေတီဘုရားများအား အလင်း နိမိတ်ဖြင့် ဖူးမျှော်ရပါသည်။ မြတ်စွာဘုရားပွင့်တော်မူရာနေရာတွင် မြတ်စွာဘုရားပွင့်တော်မူနေပုံ၊ ဓမ္မစကြာတရား ဟောကြားသောနေရာတွင် ပဉ္စဝဂ္ဂီ ငါးဦးတို့အား တရားဟောကြားနေပုံနှင့် ပရိနိဗ္ဗာန်စံတော်မူနေရာတွင် ပရိနိဗ္ဗာန်ပြုနေပုံ နိမိတ်ပုံတော်တို့နှင့်တကွ လက်ရှိ တည်ရှိနေသော ဗောဓိပင်၊ ဘုရားစေတီများနှင့် အဆောက်အဦများအား ဖူးမျှော် ကြည်ညိုရပါသည်။ မြတ်စွာဘုရားပွင့်တော်မူချိန်နှင့် ဓမ္မစကြာတရားဟောကြားမူနေသော အချိန်များသည် တစ်လောကလုံးပွင့်လင်း၍ ကြည်နူးကြည်ညို ပူဇော်ဘွယ်ရာအလွန် ကောင်းလှသော်လည်း ပရိနိဗ္ဗာန်စံဝင်တော်မူသော နေရာနှင့်အချိန်ကာလမှာမူကား များစွာ ဝမ်းနည်းသံဝေဂရယူဖွယ်ရာကောင်းလှပါသည်။ အရာရာတို့သည် အမြဲမရှိပါတကား၊ အတုအနှိုင်းမရှိသော ဗုဒ္ဓမြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးပင်လျှင် မရှောင်လွှဲနိုင်သော မရဏသေခြင်းတရားအား မိမိတို့သည်လည်း မလွဲမသွေ ရင်ဆိုင်ရမည်ဖြစ်ပါတကားဟု မရဏာ နုဿတိသံဝေဂများ ရရှိခဲ့ပါသည်။

၂၁။ ၂၀. ၈. ၂၀၀၅ ရက်နေ့နံနက်ပိုင်းတွင် တာဝတိံသာနတ်ပြည်ရှိ စူဠာမဏိ စေတီတော်အား အလင်းနိမိတ်ဖြင့် ဖူးမျှော်ကြည်ညိုရပါသည်။ စေတီတော်ကြီးအား ရွှေထက် အရောင်အနည်းငယ်ဖျော့သော ရွှေထက်ပို၍ တန်ဘိုးရှိမည်ဟု ယူဆရသော ရတနာသတ္တု တစ်မျိုးဖြင့် လုံးတော်ပြည့် တည်ထားပူဇော်ထားပြီး ဖြူဝါဝါကြည်လဲ့လဲ့ အလင်းရောင်များ တောက်ပလျက် ပူးမျှော်ရပါသည်။ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ထီးတော်၊ ကြာမှောက်ကြာလှန်၊ ကြာနုနှင့် ပန်းဆွဲနေရာများတို့တွင် ရတနာများတို့ဖြင့် တင့်တယ် သပ္ပါယ်လှစွာ စီခြယ်ပူဇော်ထားသည်ကို ဖူးတွေ့ရပါသည်။ ၎င်းနောက်အောက်ခံလှိုင်အတွင်း၌ ရတနာကလပ်များဖြင့် တင်လျှုပူဇော်ထားသော ဘုရားအလောင်းတော်၏ ဆံတော်နှင့် မြတ်စွာဘုရားရှင်၏

www.foreverspace.com.mm

စွယ်တော်မြတ်တို့အား ဖူးမျှော်ကြည်ညိုရပါသည်။ ၎င်းနောက် အနောက်မြောက်ဘက်ရှိ ပင်လယ်က သစ်ပင်နှင့် ပဏ္ဍုကမ္ဗလာမြကျောက်ဖျာ၊ ၎င်းမှ အနောက်တောင်ဘက်ရှိ သုဓမ္မာဇရပ်၊ ၎င်းမှ အရှေ့ဘက်ရှိ သိကြားမင်း၏ ဝေဇယန္တာနန်းပြသဒ်နှင့် ၎င်း၏ တောင်ဘက်တွင် "ဒုမှာ တိုရှည်သိ" ရှုမှတ်ပွားစဉ် အာရုံ နိမိတ်၌ ပေါ်ပေါက်လာခဲ့သော ရွှေသား အမိုးများဖြင့် ပြီးသည့် မဟာသုဒဿန နန်းမြို့တော်ကြီးတို့အား ဖူးတွေ့ခဲ့ရပါသည်။

၂၂။ နောက်တစ်နေ့ဖြစ်သော ၂၁. ၈. ၂၀၀၅ ရက်နေ့နံနက်ပိုင်းတွင် ပြဟ္မာ့ပြည်ရှိ ဒုဿစေတီတော်ကြီးအား အလင်းနိမိတ်ဖြင့် ဖူးမျှော်ရပါသည်။ စေတီတော်ကြီးအား စိန်ထက်ပို၍ တန်ဘိုးရှိမည်ဟု ယူဆရသော အဖြူရောင်အလင်းကြည်ကြည် အရောင်များ ထွက်နေသည့် ရတနာသတ္တုတစ်မျိုးဖြင့် လုံးတော်ပြည့် တည်ထားပူဇော်ထားပြီး ဖေါက်မြင်နေရသကဲ့သို့ ဖူးမျှော်ရပါသည်။ စေတီတော်ကြီး၏ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ထီးတော်တို့မှ စ၍ ရတနာများဖြင့် တင့်တယ်သပ္ပါယ်လှစွာ ပူဇော်ထားသည်ကို ဖူးမျှော်ကြည်ညိုရပါသည်။ ၎င်းနောက် အောက်ဘက်လိုဏ်အတွင်း၌ ရတနာကလပ်များဖြင့် တင်၍ ပူဇော်ထားသော မြတ်စွာဘုရားအလောင်းတော်၏ ဖောင်းတော်၊ သံလျက်တော်၊ ဝတ်လဲတော်၊ စလွယ်တော်၊ လက်စည်းတော်တို့နှင့် ခြေနင်းတော်တို့အား ဖူးမျှော်ကြည်ညိုခဲ့ရပါသည်။

၂၃။ ကြင်း ၂၁-၈-၂၀၀၅ ရက်နေ့မှစ၍ ၂၄-၈-၂၀၀၅ ရက်နေ့အထိ အာနာပါန သမထကမ္မဋ္ဌာန်း၏ တတိယအဆင့်ဖြစ်သော "သုံးချက်သိရာ၊ တဲ့သာ" သို့မဟုတ် "လုံးစုံလင်းရာ၊ တဲ့သာ" အဆင့်အား (၄) ရက်ရှုမှတ် ပွားများခဲ့ရပါသည်။ ပထမနေ့ဖြစ်သော ၂၁-၈-၂၀၀၅ ရက်နေ့၌ မိမိရရှိထားပြီးသော နိမိတ်ဖြင့် ပထမဝင်လေဖြင့် ဆံစ၊ ရင်ဝ၊ ချက် ၎င်းနောက် ထွက်လေဖြင့် ချက်၊ ရင်ဝ၊ ဆံစ အပို့အယူလုပ်သောနည်း သို့မဟုတ် ဝင်လေဖြင့် နှာသီးဖျား၊ ရင်ဝ၊ ချက်၊ ၎င်းနောက် ထွက်လေဖြင့် ချက်၊ ရင်ဝ၊ နှာသီးဖျား အပို့အယူလုပ်သောနည်းဖြင့် ခန္ဓာကိုယ်အတွင်းမှ ဖြတ်၍ နိမိတ်အပို့အယူ လုပ်စေသော နည်းဖြစ်ပါသည်။ မိမိမှ နိမိတ်အား ငယ်ထိပ်ပေါ်သို့တင်၍ ဝင်လေဖြင့် ဆံစ၊ ရင်ဝ၊ ချက် ကြင်းနောက် ထွက်လေဖြင့် ချက်၊ ရင်ဝ၊ ဆံ အပို့အယူလုပ်သောနည်းအား စတင်ပြုလုပ်ပါသည်။ မိမိအပို့အယူပြုလုပ်နေစဉ်တွင်ပင် ဆံစ၊ ရင်ဝ၊ ချက် လမ်းကြောင်းအတိုင်း အဖြူရောင် နိမိတ်အလင်းတန်း ပေါ်လာပါသည်။ ခန္ဓာကိုယ်အတွင်းရှိ အတွင်းအင်္ဂါ အစိတ်အပိုင်းများကိုလည်း မြင်တွေ့နေရပါသည်။ မိမိမှ ၎င်းတို့အား မကြည့်ဘဲ ဝင်လေဖြင့် အထက် ၅ တောင်၊ အလယ် ရင်ဝ၊ အောက် ၅ တောင်၊ ထွက်လေဖြင့် အောက် ၅ တောင်၊ အလယ်ရင်ဝ၊ အထက် ၅ တောင် အပို့အယူအား ငယ်ထိပ်မှ ရင်ဝ၊ ၎င်းမှ ဒွါရတို့အား ဖြတ်၍ အပို့အယူဆက်၍ ပြုလုပ်ပါသည်။ ၎င်းနေ့တွင် ဝင်လေဖြင့် အထက်အတောင် (၁၀၀)၊ အလယ် ရင်ဝ၊ အောက် (၁၀၀) ထွက်လေဖြင့် အောက် အတောင် (၁၀၀)၊ အလယ်ရင်ဝ၊ အထက်အတောင် (၁၀၀) တို့အား အပို့အယူပြုလုပ်၍ ရခဲ့ပါသည်။

၂၄။ နောက်နေ့ ၂၂-၈-၂၀၀၅ ရက်နေ့တွင် ပထမ အထက်ဆံစ၊ အလယ်ရင်ဝ၊ အောက်ချက်မှစ၍ အထက်အတောင် (၁၀၀၀) အလယ်ရင်ဝ၊ အောက် အတောင် (၁၀၀၀)အား အပို့အယူပြုလုပ်၍ ရပါသည်။ ကြင်းအချိန်တွင် မိမိမှ ဘောဂဝတီနဂါးပြည်သို့ အာရုံညွှတ်၍ အထက်ဘဝဂ်၊ အလယ်ရင်ဝ၊ အောက် အာကာသအား ဆက်လက်၍ အပို့အယူပြုလုပ်ပါသည်။ ယင်းသို့ပြုလုပ်နေစဉ် ရေအောက်လိုဏ်ကြီး တစ်ခုအတွင်းသို့ ရုတ်ချည်း ရောက်ရှိသွားပါသည်။ လိုဏ်ဂူကြီးမှာ အလွန်မြင့်မား အလွန်ကျယ်ပြန့်၍ အရှည်မှာလည်း မျက်စိမြင်ကွင်း တဆုံးရှိနေပါသည်။ လိုဏ်ဂူကြီး၏ အမိုးနှင့် ဘေးနှစ်ဖက်နံရံများရှိ ကျောက်တုံးကြီးများဆီမှ အလင်းရောင်များထွက်နေပါသည်။ အလယ်ရှိ သလင်းကျောက်ကဲ့သို့ အဖြူရောင်ကျောက်တိုင် ကျောက်တန်းများမှလည်း အလင်းရောင်များ ထွက်နေသဖြင့် လိုဏ်ဂူကြီးတစ်ခုလုံး လင်းနေကြောင်း တွေ့ရပါသည်။ လိုဏ်ဂူအတွင်း၌ အစိမ်းရောင်အဝတ်အစားများဖြင့် ယောကျ်ား၊ မိန်းမများသွားလာနေကြပြီး နဂါးများဖြစ်မည်ဟု အာရုံတွင်ပေါ်လာပါသည်။ ၎င်းတို့အားလုံး ရုပ်ရည်သင့်တင့်လှပ၍ အသားအရေများမှာလည်း ကြည်လင်ဝင်းပနေကြောင်း တွေ့ရှိရပါသည်။ လူသာမန်များကဲ့သို့ တွေ့ရသော်လည်း မျက်တောင်မခတ်ကြောင်းနှင့် မျက်လုံးတွင် မျက်ရစ်များ မပါကြောင်းတွေ့ရပါသည်။ ဘေးနံရံ နှစ်ဖက်ဆီသို့ အာရုံညွှတ်၍ကြည့်ရာ နှစ်ဖက်စလုံး၌ မိမိရောက်ရှိနေသော လိုဏ်ဂူကြီးမျိုးများနှင့် ဗိမ္မာန်များရှိနေကြောင်း တွေ့ရပါသည်။

၂၅။ ၎င်းတို့အထဲမှ တစ်ဦး၏ လမ်းပြမှုဖြင့် ဘောဂဝတီနဂါးပြည်၏ စွယ်တော်တိုက်နှင့် ဓါတ်တော်တိုက်တို့အား ဖူးမျှော်ကြည်ညိုခဲ့ရပါသည်။ စွယ်တော်တိုက်နှင့်ဓါတ်တော်တို့အား သလင်းကျောက်ကဲ့သို့ အလင်းရောက်ထွက်နေသော ကျောက်တိုင်များ၊ ၎င်းသလင်း ကျောက်တိုင်များတို့တွင် ရတနာများ စီခြယ်ထားသဖြင့် ရောင်စုံထွက်နေသော အလင်းရောင်များ၊ ပုလဲနှင့် ပတ္တမြား အများဆုံးပါဝင်သော ရတနာများဖြင့် ခမ်းနားကြီးကျယ်စွာ ပူဇော်ထားသည်ကို ဖူးတွေ့ရပါသည်။ စွယ်တော်မြတ်အား ရတနာကလပ်စင်ပေါ်၌ ဖြူလွှဲလွဲရောင်ခြည်တော်များ ကွန့်မြူးလျက်ဖူးတွေ့ရပါသည်။ ဓါတ်တော်တိုက်တွင် အနီရောင်၊ အစိမ်းရောင်၊ ရွှေရောင်၊ ပုလဲရောင် အကြည်ဖန်သားရောင် စသည့် ဓါတ်တော်များတို့အား ရတနာရွှေကြုတ်များဖြင့် ထည့်သွင်းပူဇော်ထားပြီး ၎င်းဓါတ်တော်များမှ သက်ဆိုင်ရာ အလင်းရောင်များအလိုက် ကြည်လွှဲလွဲ ရောင်ခြည်တော်များ ကွန့်မြူးလျက် ဖူးမျှော်ခဲ့ရပါသည်။

၂၆။ ညပိုင်းတွင် မိမိအထက် ဘဝဂ်၊ အလယ် ရင်ဝ၊ အောက် အာကာသသို့ နိမိတ်အပို့အယူ ဆက်လက်ပြုလုပ်ရာ ခန္ဓာကိုယ်၏ အထက်တွင် ဟင်းလင်းပြင်ထဲသို့သာ တိုး၍ တိုး၍ သွားနေပြီး အောက်ပိုင်း၌ ရှေးဦးစွာ မြေထုအား တဖြည်းဖြည်းပေါက်၍ နောက်ပိုင်းတွင် ရေထုထဲသို့ ရောက်သွားပါသည်။ ၎င်းနောက် ခဏအကြာတွင် ရေထုအား ဖေါက်၍ လေထုထဲသို့ ရောက်ရှိသွားပါသည်။ မိမိအကြိမ်ကြိမ်ဆက်လက်၍ အပို့အယူပြုလုပ်ရာ အထက်ဘဝဂ် ဟင်းလင်းပြင်၊ အလယ်ရင်ဝ၊ အောက်မြေကြီး ၎င်းနောက်ရေထု၊ ၎င်းနောက် အာကာသ တောက်လျှောက်အပို့အယူပြုလုပ်၍ ရကြောင်းတွေ့ရပါသည်။ ဗုဒ္ဓမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး၏ တရားတော်များပါ အထက်၌ ဘဝဂ်၊ အောက်၌ မြေထု၊ ရေထု၊ ၎င်းနောက် အာကာသ ဟူသော တရားတော်များ မှန်ကန်ကြောင်း မိမိလက်တွေ့ ရှုမှတ်သိမြင်နိုင်ခဲ့ပြီး ဖြစ်ပါသည်။

၂၇။ ၂၃-၈-၂၀၀၅ ရက်နေ့တွင် ပါးဖေါက် နားဖေါက် ရှုမှတ်ပွားများမှုအား ဆက်လက်ပြုလုပ်ရပါသည်။ ၎င်းမှာ မိမိအလင်းနိမိတ်ဖြင့် ဝဲဘက်မျက်စိမှထွက်၊ ယာဘက်မျက်စိသို့ဝင်၊ ယာဘက်မျက်စိမှထွက်၊ ဝဲဘက်မျက်စိသို့ဝင်၊ ဝဲဘက်နားမှထွက် ယာဘက်နားသို့ဝင်၊ ယာဘက်နားမှထွက်၊ ဝဲဘက်နားသို့ဝင်၊ ဝဲဘက်ပါးမှထွက်၊ ယာ ဘက်ပါးသို့ဝင်၊ ယာဘက်ပါးမှထွက်၊ ဝဲဘက်ပါးသို့ဝင်နှင့် ဝဲဘက်ပုခုံးမှထွက်၊ ယာဘက်ပုခုံးသို့ဝင်၊ ယာဘက်ပုခုံးမှထွက်၊ ဝဲဘက်ပုခုံးသို့ဝင် နိမိတ်အပို့အယူ ရှုမှတ်ပွားများမှုများ ပြုလုပ်ရခြင်းဖြစ်ပါသည်။ မိမိ ကောင်းစွာပြုလုပ်၍ ရရှိပြီး မျက်စိအင်္ဂါ၊ အစိတ်အပိုင်းများ၊ နားအင်္ဂါအစိတ်အပိုင်းများ ပါးနှင့် ပါးစပ်အင်္ဂါအစိတ်အပိုင်းများ၊ ခန္ဓာကိုယ်အတွင်းရှိ အင်္ဂါအစိတ်အပိုင်းများ အားမြင်တွေ့၍ နေရပါသည်။ ဗုဒ္ဓဓမ္မတရားတော်၏ အလွန်ထူးခြားဆန်းကြယ်လှသော ဓမ္မ အတွေ့အကြုံများပင် ဖြစ်ပါသည်။

၂၈။ ထို့နောက် ၂၄-၈-၂၀၀၅ ရက်နေ့တွင် မိမိခန္ဓာကိုယ်တစ်ခုလုံးအား မိမိရရှိထားပြီး ဖြစ်သော အလင်းနိမိတ်ဖြင့် လှီးစား ဖြတ်စားခြင်း ရှုမှတ်ပြုလုပ်ရပါသည်။ ၎င်းရှုမှတ်မှုမှာ အလင်းနိမိတ်အား တစ်ကိုယ်လုံးခြုံထား၍ ဦးခေါင်းမှ စပြီး၊ လက်နှစ်သစ်ခန့်စီ အလွှာလိုက်၊ အလွှာလိုက် လှီးဖြတ်စားသွားခြင်း ဖြစ်ပါသည်။ မိမိရှုမှတ်မှုများတွင် လက်နှစ်သစ်ခန့် တစ်လွှာ လှီးစားဖြတ်စား ပြုလုပ်သွားပြီးတိုင်းတွင် လှီးစားဖြတ်စားပြုလုပ်ပြီးသော တစ်လွှာမှာ အဖြူရောင် ဖန်သားကဲ့သို့ဖြစ်၍ သွားပါသည်။ တစ်လွှာစီ တစ်လွှာစီဖြင့် လှီးစားဖြတ်စား ပြုလုပ်လာရာ ခါးဆီသို့ အရောက်တွင် ခန္ဓာကိုယ်အပေါ်ပိုင်းမှ ဖန်လုံးဖန်သားကဲ့သို့ အဖြူအကြည်ရောင်ဖြစ်နေပြီး အောက်ပိုင်းမှာမူ မူလခန္ဓာကိုယ်ကြီးတိုင်း ဖြစ်၍နေသည်ကို တွေ့ရပါသည်။ ဆက်လက်၍ အလင်းနိမိတ်ဖြင့် လှီးစားဖြတ်စား ပြုလုပ်ခဲ့ရာ နောက်ဆုံးတွင် မိမိခန္ဓာကိုယ်ကြီးတစ်ခုလုံး ပျောက်သွားပြီး အဖြူရောင် ဖန်လုံး ဖန်သား အကြည်တုံးကြီးကဲ့သို့ဖြစ်၍ သွားပါသည်။ ၎င်းအဆင့်မှာ ခန္ဓာကိုယ်အတွင်းရှိ ရောဂါများပါ ပျောက်ကင်းနိုင်သည်ဟု သိရသဖြင့် မိမိအကြိမ်ကြိမ် လှီးစားဖြတ်စားဆက်၍ ပြုလုပ်ခဲ့ပါသည်။ ၎င်းနောက် ခန္ဓာကိုယ်အား ဒေါင်လိုက် လှီးစား ဖြတ်စားဆက်လက်ရှုမှတ်ကြည့်ရာ အောင်မြင်ကြောင်း တွေ့ရပါသည်။ လှီးစားဖြတ်စား ပြုလုပ်၍ ခန္ဓာကိုယ်တစ်ခုလုံးတွင် ဖန်လုံး ဖန်သားကဲ့သို့ အကြည်ရောင်အတုံးကြီးဖြစ်သွားချိန်တွင် ခန္ဓာကိုယ်တစ်ခုလုံး ပေါ့ပါးအေးချမ်း၍ သွားကြောင်းတွေ့ရှိရပါသည်။

၂၉။ ၂၅-၈-၂၀၀၅ ရက်နေ့တွင် အာနာပါန သမထကမ္မဋ္ဌာန်း၏ နောက်ဆုံး စခမ်းသိမ်း အဆင့်ဖြစ်သော "စမှာငြိမ်းစေဘိ" နည်းအား ရှုမှတ်ပွားများရပါသည်။ ၎င်းမှာ ထွက်လေကို မသိမသာထွက်စေပြီး စိတ်မှ "ငြိမ်းစေမည်၊ ငြိမ်းစေမည်" ဟု ရှုမှတ်အာရုံပြုရခြင်းနှင့် ဝင်လေကိုလည်း မသိမသာဝင်စေပြီး "ငြိမ်းစေမည်၊ ငြိမ်းစေမည်၊ ငြိမ်းစေမည်"ဟု ရှုမှတ်ပွားများ၍ နိမိတ်သိမ်းရခြင်းဖြစ်သည်။ မိမိရှုမှတ်ရာတွင် အာနာပါန လေနိမိတ်အား တဖြည်းဖြည်း သိမ်မွေ့စေ၍ "ငြိမ်းစေမည်၊ ငြိမ်းစေမည်"ဟု ရှုမှတ်ပါသည်။ ဤသို့ရှုမှတ်နေစဉ် စိတ်ရောခန္ဓာကိုယ်ပါ တဖြည်းဖြည်းနှင့် အေးချမ်း၍ လာပါသည်။ နိမိတ်လုံးကလေးမှာလည်း နှာသီးဖျားတွင် ကပ်နေရာမှ ဝင်လေဖြင့် အထဲသို့ဝင်လာလိုက် ထွက်လေဖြင့် အပေါ်သို့ အနည်းငယ် ပြန်တက်သွားလိုက်ဖြစ်နေပါသည်။ နောက်ဆုံး၌ အလင်းနိမိတ်လုံးကလေး ရင်ဝသို့ ရောက်ရှိသွားချိန်တွင် မိမိခန္ဓာကိုယ် တစ်ခုလုံးလင်း၍ သွားပါသည်။ ခန္ဓာကိုယ်ကြီးတစ်ခုလုံးလည်း စိတ်ရောကိုယ်ပါ အလွန်အေးချမ်း၍ သွားပါသည်။ တစ်ဖက်တွင်လည်း ခန္ဓာကိုယ်ကြီး တစ်ခုလုံး ပေါ့ပါးအေးချမ်းနေပြီး မီးပုံးပျံကြီးကဲ့သို့ အပေါ်သို့ ရုန်းတက်နေသည်ဟု ခံစားရ ပါသည်။ "စမှာ ငြိမ်းစေဘိ" အဆင့်အား အောင်မြင်စွာ ရှုမှတ်ပွားများနိုင်ခဲ့ခြင်း ဖြစ်ပါသည်။

၃၀။ ၂၆-၈-၂၀၀၅ ရက်နေ့မှ ၁၇-၉-၂၀၀၅ ရက်နေ့ (တော်သလင်းလပြည့်နေ့) အထိ ဝိပဿနာ ရှုမှတ်ပွားများခြင်းများပြုလုပ်ရပါသည်။ ဝိပဿနာ၏ ရှေ့ပြေးဖြစ်သော ရုပ်ကိုသိမ်းဆည်းခြင်းနှင့် နာမ်ကို သိမ်းဆည်းခြင်းတို့ ရှုမှတ်ရာတွင် ပထမသတိအား ရင်ချိုင့်၌ ထား၍ ရှုမှတ်ပြီးနောက်ပိုင်းတွင် နိမိတ်အား ခန္ဓာကိုယ်ကြီးတစ်ခုလုံးပေါ်သို့တင်၍ ရှုမှတ်ပွားများ ကြည့်ပါသည်။ ယင်းသို့ ရှုမှတ်ပွားများရာတွင် ခန္ဓာကိုယ်ကြီး၏ အစိတ်အပိုင်းများဖြစ်သော ဦးခေါင်း၊ ခြေ၊ လက်နှင့် ကိုယ်များအားတို့ရှိ အင်္ဂါအစိတ်အပိုင်းများတို့အား ထင်ရှားစွာ တွေ့မြင်လာရပါသည်။ ယင်းအင်္ဂါအစိတ်အပိုင်းအားလုံးတို့သည် အသွေး၊ အသား၊ အရိုး၊ အကြော၊ အရေ၊ အရွတ်တို့ဖြင့် ဖွဲ့စည်းထားခြင်း ဖြစ်ကြောင်း၊ ယင်းတို့ကိုလည်း ကလပ်စည်းကလေးများဖြင့် ပေါင်းစပ်ဖွဲ့စည်းထားပြီး ယင်းကလပ်စည်းကလေးများကိုလည်း ရုပ်အမှုံကလေးများဖြင့် ပေါင်းစပ်ဖွဲ့စည်းထားခြင်းဖြစ်ကြောင်းမြင်တွေ့လာရပါသည်။ သို့ဖြစ်၍ ခန္ဓာကိုယ်ကြီးတစ်ခုလုံးသည် ရုပ်အမှုံကလေးများဖြင့် စုဖွဲ့ထားသော အစုအပုံကြီးတစ်ခုသာ ဖြစ်ကြောင်းတွေ့ရှိလာရပါသည်။ ယင်းရုပ်အမှုံအစုအဖွဲ့ကလေးများသည်လည်း အချိန်တိုင်း၊ အချိန်တိုင်း၊ စက္ကန့်တိုင်း၊ စက္ကန့်တိုင်းတို့တွင် အကြိမ်ပေါင်းများစွာ ပျက်စီးပြိုကွဲ ပျောက်ကွယ်လျက်ရှိခြင်း၊ အသစ်များပြန်လည်ဖြစ်ပေါ်ခြင်း၊ ထပ်မံပျက်စီးပြိုကွဲပျောက်ကွယ်ခြင်းများ ဖြစ်ပေါ်လျက်ရှိနေကြောင်း တွေ့မြင်လာရပါသည်။

၃၁။ အကြောင်းတရားအား သိမ်းဆည်းခြင်း ရှုမှတ်ပွားများရာတွင် အတိတ်အကြောင်း (၅)ပါးဖြစ်သော အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကံ၊ အဟာရတို့ကြောင့် ရုပ်နာမ်တရားများနှင့် သတ္တဝါတို့၏ ဘဝဖြစ်စဉ်များ အဆက်မပြတ်ဖြစ်ပေါ်နေရခြင်းတို့အား ရှုမှတ်တွေ့မြင်လာရပါသည်။ ဤသို့ရှုမှတ်နေစဉ် မိမိ၏ နောက်ဆုံး အတိတ်ဘဝ (၄)ခုအား ပြန်လည်မြင်တွေ့ခဲ့ရပြီး "သတိမြဲရာ၊ ပထမာ"တွင် ဖူးမျှော်ခဲ့ရသည့် ထန်းပင်နှင့်ထုံးဖွေးဖွေးစေတီတော်မှာ မိမိ၏ အတိတ်ဘဝတစ်ခုတွင် ဘုန်းကြီးဖြစ်ခဲ့စဉ်က တည်ထားကိုးကွယ်ခဲ့သော စေတီတော်ဖြစ်ကြောင်း ပြန်လည်တွေ့မြင်လာခဲ့ရပါသည်။

၃၂။ ၃-၉-၂၀၀၅ ရက်နေ့ညတွင် အကြောင်းတရားများဖြစ်ပျက်၍နေသောကြောင့် သူ့အလိုလို တရိပ်ရိပ် တဖွဲဖွဲ တသဲသဲအားဖြင့် ဖြစ်ပျက်၍နေသော ရုပ်နာမ်တရားတို့၏ ဖြစ်ပျက်စဉ်များအား ရှုမှတ်ပါသည်။ ဤကဲ့သို့ ရှုမှတ်နေစဉ် မိမိခန္ဓာကိုယ်၌ အရောင် ကလေးများလက်၍နေသော ရုပ်အမှုံကလေးများသည် တရိပ်ရိပ်ဖြင့် စု၍ ဖြစ်ပေါ်လာလိုက်၊ တဖွဲဖွဲဖြင့် ဖြန့်၍ ပျောက်သွားလိုက်ဖြင့် နောက်ပိုင်းတွင် အလင်းမှုံကလေးများ တဖွဲဖွဲဖြင့် ဖြန့်၍ ဖြန့်၍ ဖြစ်ပေါ်နေပါသည်။ တရိပ်ရိပ်တဖွဲဖွဲဖြင့် ဖြစ်ပျက်၍နေသည်ဟူသည်မှာ ဤသို့ပါတကားဟု တွေ့မြင်၍လာခဲ့ပါသည်။ တသဲသဲဟူသည်မှာ ယင်းဖြစ်ပျက်မှု အစဉ်များ အဆက်မပြတ် ဖြစ်ပေါ်နေခြင်းနှင့် အများအပြားဆက်လက်ဖြစ်ပေါ်နေခြင်းပင် ဖြစ်သည်ဟု တွေ့မြင်လာရ ပါသည်။

www.foreverspace.com.mm

၃၃။ ၅-၉-၂၀၀၅ ရက်နေ့ညတွင် အကြောင်းတရားများ ပျက်စီး၍နေသောကြောင့် သူ့အလိုလို တရိပ်ရိပ် တဖွဲဖွဲ တသဲသဲ ပျက်စီး၍နေသော ရုပ်နာမ်တရားတို့၏ ပျက်စီးခြင်း တရားများအားရှုမှတ်နေစဉ် တစ်နာရီကျော်ခန့်အကြာ၌ ယင်းပျက်စီး၍နေသော ရုပ်နာမ်တရားတို့၏ ပျက်စီးမှု တစ်ခုစီတစ်ခုစီ၌ ကုန်လွန်သွားသည့်သဘောချုပ်ငြိမ်းသွားသည့်သဘောကလေးများ ရှိ၍နေကြောင်း ဆင်ခြင်ရှုမှတ်၍ ရလာပါသည်။ ရုပ်နာမ်တရားတို့၏ ပျက်စီးမှုအစဉ်၌ တစ်ခုစီ တစ်ခုစီ၏ ပျက်စီးချုပ်ငြိမ်းနေမှုသဘော အပိုင်းတစ်ခုစီ၊ အကန့်တစ်ခုစီအလိုက် ပျက်စီးချုပ်ငြိမ်းနေမှု သဘောများအား ရှုမှတ်တွေ့ရှိလာရပါသည်။ မိမိဆက်လက်ရှုမှတ် နေစဉ်တွင်ပင် မိမိခန္ဓာကိုယ်တစ်ခုလုံး အောက်ပိုင်းမှစ၍ ကျောပိုင်းအထိ တစ်ကိုယ်လုံးပူ၍ တက်လာပါသည်။ ၎င်းနောက်တစ်ကိုယ်လုံးအပ်များဖြင့် ဆွနေသလို၊ တစ်ခုခုဖြင့် ဆိတ်၍ ဆွဲနေသလို၊ ဓါးဖြင့် ပါးပါးမွှမ်းနေသလို ခံစားလာရပါသည်။ မိမိတကြိမ် တစ်ခါမျှ မကြုံဘူးသေးသော အတွေ့အကြုံဖြစ်သဖြင့် စိတ်လှုပ်ရှားတုန်လှုပ်၍ သွားပါသည်။ တရားပြတာပဲဟူ၍ ဆက်လက် ရှုမှတ်နေစဉ် ဝေဒနာကြောင့် ချွေးများပြန်လာပါသည်။ မိမိအပျက်တရားများအားရှုမှတ်နေစဉ် ဋ္ဌေနာဖြစ်ပေါ်လာရမှုကြောင့် ယင်းဝေဒနာပပျောက်သွားအောင် ဖြစ်ခြင်းပျက်ခြင်း၊ တရားများအား ပြန်၍ ရှုမလား၊ အပျက်တရားများကိုပဲ ဆက်၍ရှုမလားဟု စဉ်းစားနေစဉ် ပျက်ခြင်းတရား၏ ကုန်လွန်သွားမှုသဘော ချုပ်ငြိမ်းသွားမှုသဘောတို့အား ဆင်ခြင်မိခဲ့ပုံကို သတိရလာပါသည်။ သို့ဖြစ်၍ပျက်ခြင်းတရားတို့၏ တစ်ခုစီ တစ်ခုစီ အကန့်လိုက်အကန့်လိုက် ပျက်စီးချုပ်ငြိမ်းနေမှုများတို့အား နှလုံးသွင်း၍ ဆက်လက်ရှုမှတ်ပါသည်။ ခဏအကြာတွင် ဝေဒနာများခံစားနေရရာမှ ရုတ်ချည်းအေးငြိမ်း၍သွားသဖြင့် ခန္ဓာကိုယ်တစ်ခုလုံး၏ ထိတွေ့ခံစားမှုများ ပျောက်သွားသလိုဖြစ်၍ သွားပါသည်။ ရုပ်နာမ်တရားတို့၏ ဖြစ်ပေါ်လာမှုကြောင့် ပေါ်ပေါက်၍လာခဲ့ရသော ပျက်စီးခြင်းတရားများနှင့် အနိစ္စ အမြဲမရှိခြင်း၊ ဒုက္ခဆင်းရဲခြင်းနှင့် အနတ္တ မိမိကိုယ်မဟုတ် မိမိကိုယ် မိမိ မပိုင်ဆိုင်ခြင်းသဘောတို့အား ထင်ရှားစွာ ခံစားတွေ့မြင်၍ လာရပါသည်။ ရုပ်နာမ်တရားတို့၏ ပျက်စီးမှု အစဉ်တရားများကြောင့် ဖြစ်ပေါ်နေကြရသော အနိစ္စ အမြဲမရှိခြင်း ဒုက္ခ ဆင်းရဲခြင်းနှင့် အနတ္တ မိမိကိုယ်ကို မိမိမပိုင်စိုးခြင်းတို့အပေါ် ပြင်းထန်စွာ ကြောက်ရွံ့ခြင်း၊ ငြီးငွေ့ခြင်း၊ လွတ်မြောက်လိုခြင်းလမ်းစများလည်း ဖြစ်ပေါ်လာခဲ့ရကြောင်း ခံစားတွေ့ရှိရပါသည်။

၃၄။ မိမိတို့သည် ဤတရားစခန်းသို့ စတင်လာရောက်ခဲ့စဉ်က ပညတ်တရားတို့၏ အဖုံးအကာမျိုးစုံတို့ဖြင့် အမှောင်ထဲတွင် လမ်းလျှောက်နေရသူများ ပမာရောက်ရှိလာခဲ့ကြရခြင်းဖြစ်ပါသည်။ ယခုမူ ဗုဒ္ဓဓမ္မတရားတော်များတို့၏ အလင်းရောင်များဖြင့်လည်းကောင်း၊ ကန္နီမဟာဥပနိသျှ သမထကမ္မဋ္ဌာန်း ဝိပဿနာကမ္မဋ္ဌာန်းလမ်းစဉ်တို့၏ လမ်းညွှန်ပြသ ပေးမှုများဖြင့်လည်းကောင်း၊ ယင်းအဖုံးအကာများ လွင့်စင်ပပျောက်သင့်သလောက် ပပျောက်၍ ဓမ္မအလင်းရောင်များ ရရှိလာခဲ့ကြပြီဖြစ်ပါသည်။ ဗုဒ္ဓ၏ဓမ္မတရားတော်များတို့၏ အလင်းရောင်အောက်တွင် သံသရာ ဘဝခရီးတစ်လျှောက် ဖြောင့်တန်းစွာ ဆက်လက်၍ လျှောက်လှမ်းသွားနိုင်ကြတော့မည်ဖြစ်ပါသည်။ ၎င်းအပြင် ဗုဒ္ဓဓမ္မတရားတော်များ၏ အတုအနှိုင်းမရှိ ထူခြားဆန်းပြားလှသော ထူးခြားအံ့သြဘွယ်ရာများကိုလည်း ကိုယ်တွေ့ အတွေ့အကြုံများဖြင့် ရှုပွားဆင်ခြင်၍ ကိုယ်တွေ့မျက်မြင် တွေ့မြင်ခံစားခဲ့ကြရပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ "ဧဝံ အစိန္တိယာ ဗုဒ္ဓ ဓမ္မာ၊ ဗုဒ္ဓဓမ္မဂုဏာ အစိန္တိယာ"ဟူ၍ အတုအနှိုင်းမရှိ ထူးခြားဆန်းပြားလှသော ဗုဒ္ဓမြတ်စွာ ဘုရားရှင် ကိုယ်တော်မြတ်ကြီး၏ ဓမ္မတရားတော်သည်ကား သန္ဒိဋ္ဌိကော၊ မိမိကိုယ်တိုင်ရှုခြင်း၊ မြင်ခြင်းငှာ ထိုက်ပါပေ၏။ ဧဟိပဿိကော လာလော့ ရှုလော့ ဗုဒ္ဓ၏ဓမ္မတရားတော်များအား ကိုယ်တိုင်လာရောက်၍ ရှုကြည့်ကြလော့ဟု အစီရင်ခံ ခြင်းငှာလည်း ထိုက်ပါပေ၏။ ဩပနေယျိကော၊ ဘာဝနာ၏ အစွမ်းအားဖြင့် မိမိစိတ်၌ ဆောင်ခြင်းငှာလည်း ထိုက်ပါပေ၏ဟူ၍ ဓမ္မပီတိရသများအား ကိုယ်တိုင် ရှုမှတ်ပွားများခြင်းဖြင့် ခံစားရယူသွားနိုင်ကြပါစေရန် မှတ်တမ်းတင် တင်ပြလိုက်ရပါသည်။

ဦးကျော်ဝင်း
အမှတ်(၂၁၃)၊ငုဝါလမ်း၊ သုဝဏ္ဏမြို့သစ်၊
သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။

## (၆၀)ရက်ကြာ ရဋ္ဌပါလဓမ္မရိပ်သာမှာ

၈. ၉. ၂၀၀၅ နေ့မှာ (၉)ရက်ပဲ ကျန်တယ်၊ တစ်နေ့တစ်နာရီနှုန်းနဲ့ ရိပ်သာမှာ ကိုယ်တွေ့ကလေးများကို ရသမြောက်အောင်ရေးကြပါလို့ ဆရာတော်ကြီးက မိန့်ပြီး စာရွက်များဝေပေးပါတယ်။ ကျမက (၇၃)နှစ်အရွယ် ယောဂီအဖွားတစ်ယောက်ပါ။ တက္ကသိုလ် ဆရာမကြီး နှစ်ပေါင်း (၃၀) လုပ်ခဲ့တဲ့အတွေ့အကြုံတွေများပြီး စာရေးခြင်းအတွေ့အကြုံမရှိခဲ့တာကြောင့် ရသမမြောက်ရင် ခွင့်လွှတ်ကြပါရှင်။

ကျမရေးမည့်အကြောင်းအရာများကို ခေါင်းစဉ်ကြီး (၃) ခု ခွဲပြီး

(၁) ပဌမပိုင်း ရဋ္ဌပါလဓမ္မရိပ်သာအကြောင်း
(၂) ဒုတိယပိုင်း တရားပိုင်းရဲ့ပွဲဦးထွက် သမထကမ္မဋ္ဌာန်းအပိုင်း
(၃) တတိယပိုင်းကို တရားပိုင်းရဲ့ အရေးအကြီးဆုံး ဝိပဿနာကမ္မဋ္ဌာန်းအပိုင်း

တင်ပြသွားပါမည်။ ပဌမပိုင်းက ရိပ်သာလာပြီး အနည်းဆုံး (၂ လ) အများဆုံး(၃)လ အားထုတ်ကြမည့် ယောဂီများအတွက် နေထိုင်ရေးနဲ့ စားသောက်ရေး အပိုင်း ဖြစ်ပါတယ်၊ ဒီအရေး ၂ ပါး သပ္ပါယမျှပါမှ ယောဂီဟာ စိတ်လက်ရွှင်လန်းပြီး တရားအားထုတ်ရတာ အဆင်ပြေမှာပါ။ တရားပိုင်းနှစ်ခုကတော့ အလွန်သိမ်မွေ့ပြီး နက်နဲတဲ့အပိုင်းဖြစ်လို့ ကျမရဲ့ ကိုယ်တွေ့ကလေးတွေကို ရိုးရိုးရှင်းရှင်းတင်ပြပါမည်။ ဒီနှစ်ပိုင်းစလုံးကို အညီအမျှ အလေးပေးပြီးတင်ပြပါမည်။

### ရဋ္ဌပါလဓမ္မရိပ်သာ

ရဋ္ဌပါလဓမ္မရိပ်သာအကြောင်းရေးမည်ကို စဉ်းစားလိုက်တာနဲ့ ကျမ ဒီရိပ်သာကို ဝင်ဘို့ ဆုံးဖြတ်ဖြစ်သွားတဲ့ အကြောင်းလေးတင်ပြလိုပါတယ်။ ရဋ္ဌပါလဓမ္မရိပ်သာ စာစောင်ကို Dr. ဦးဖေညဏ်က ကျမရဲ့သားအလတ်ကို ပေးလိုက်လို့ ကျမဖတ်ရပါတယ်။ ဖတ်ပြီးပြီးချင်းပဲ ကျမရဲ့ စိတ်တွေတက်ကြွလာပြီး ကျမ ဒီရိပ်သာကို ရက်ပေါင်း (၆၀) ဝင်ပါတော့မယ်လို့ ဒုံးဒုံးချပြီး ဆုံးဖြတ်ချက်ချခဲ့ပါတယ်။ အဲဒီစာအုပ်ထဲမှာ ယောဂီတိုင်းပဲ ကျောင်းဒကာကြီး Dr.ဦးဖေညဏ်ကို မွှန်းထားတာတွေကလဲ လွန်ပါရောလားလို့ ကျမစိတ်ထဲမှာ သူ့အလိုလို ဝေဖန်ပြီးဖြစ်နေပါ တယ်။ အဲဒီဝစီဗေဒကြောင့် ကျမဝတ်လည်ရပါတော့မယ်။ ရဋ္ဌပါလဓမ္မရိပ်သာနဲ့ ကျောင်းတကာကြီးက ခွဲလို့မရပါ။ သူ့ရဲ့စေတနာတွေ သူရဲ့ရိပ်သာအပေါ် ယောဂီအပေါ် ထားတဲ့စေတနာတွေက သူ့အပိုင်း သူ့အချိန်နဲ့သူ သတိမထားမိလို့မရဘဲ ဖေါ်ပြနေပါတော့တယ်။ ဒီတော့ ကျောင်းတကာကြီးကို ကျမကလဲ အရင်ယောဂီတွေထက်သာအောင် မွှန်းတော့မှာပါပဲ။

ယောဂီများနေရတဲ့တိုက်ကလေးများ (၂၄) လုံး ရှိပါတယ်။ စက်ဝိုင်းလိုပတ်ပြီး ဆောက်ထားပါတယ်။ အလယ်ဗဟိုလ်မှာ မဂ္ဂင်ဆောင်ဘုရားဆောင်ကြီး ရှိပါတယ်။ ဓမ္မာရုံကြီးကတစ်ခု ဆရာတော်ဘုရားကြီး နေတဲ့အဆောင်နဲ့ တွဲလျက်ပါ။ ရိပ်သာအဝင်ဝမှာ ထမင်းစားဆောင်ကြီးပါ။ ယောဂီဆောင်အလေးတွေက ၁၀ ပေ ပတ်လည်နှင့် ရေချိုးခန်းအိမ်သာတွဲလျက်ပါ။ ဒါကြောင့် အလွန် သပ္ပါယမျှလှပါတယ်။ လေဝင်လေထွက် ကောင်းအောင် စီမံထားတဲ့အိပ်ခန်းကလေးပါ။ သံကုတင် ၂ လုံး ထည့်ထားပေးပါတယ်။ ၂ ယောက်နေရတဲ့ အဆောင်ကလေးတွေပါ။ တကယ်နေတဲ့အချိန်မှာ အိပ်ခန်းနဲ့ ရေချိုးခန်းအိမ်သာ တွဲထားတဲ့အတွက် ကျမလိုအဖွားတစ်ယောက်အတွက် အတော်အဆင်ပြေတာကို ကိုယ်တိုင်ခံစားခဲ့ရတာပါ။ ဒါကြောင့် ကျောင်းဒါယကာကြီးနဲ့တကွ အဆောင်ကလေးတွေကို ပိုင်းပြီးလှူခဲ့ကြတဲ့ ကျောင်းတကာအပေါင်းကို ကျေးဇူးတင်လွန်းလို့ အကြိမ်ကြိမ်မေတ္တာပို့ပြီး ဆုတောင်းမိပါတော့တယ်။ ဒီအဆောက်အဦကလေးမှာနေပြီး မျက်နှာကျက်မရှိတာ တွေ့ရတော့ ရိပ်သာတစ်ခုလုံးရှိ အဆောက်အဦးများကို မျက်နှာကျက်လှူချင်တဲ့ စိတ်တွေ တရွရွတက်တက်လာတာ အကြိမ်ကြိမ် ခံစားခဲ့ရပါတယ်။ ထို့မျှမက ထမင်းစားဆောင်ကြီးကိုလဲ ပြတင်းနှင့် တံခါးများကို ခြင်လုံစကာ တပ်ချင်တဲ့စေတနာတွေလဲ တရိပ်ရိပ်ပေါ်ခဲ့ပါတယ်။

စားရေးသောက်ရေးနဲ့ပါတ်သက်တဲ့ အပိုင်းကို တင်ပြရရင်တော့ သပ္ပါယမျှပြီး အဟာရဖြစ်အောင် စေတနာအပြည့်နဲ့ စီမံပြီးကျွေးမွေးတာကို ကိုယ်တိုင်စားသုံးခဲ့ရတာပါ။ အသား သို့မဟုတ် ငါးအမျိုး၊ ဟင်းသီးဟင်းရွက်အရံဟင်း၊ ငပိရေ တို့စရာနဲ့ ဟင်းချို သို့မဟုတ် ချင်ရေဟင်း အမြဲပါဝင်ပါတယ်။ တခါတခါ ငပိချက် ပဲပုတ်ချက်အပို ပါပါတယ်။ ဟင်းရည်ပုဂံကို ယောဂီတစ်ယောက်တစ်လုံးစီ သီးခြားပေးတာကို ကျမက အလွန်ကြေနပ်နေတာပါ။ ပြီးလျှင်အချိုပွဲ သစ်သီးဖြစ်ရင်ဖြစ်မယ်။ ဘီစကစ်ပါမယ်။ မိုင်တိုဗာတို့ ဟော့လစ်တို့ ခပ်ကျဲကျဲ ပုဂံသေးသေးနဲ့ တစ်လုံးစီ တိုက်ကျွေးပါတယ်။ နံက်အာရုံမှာလဲ ဆံပြုတ်၊ မုံ့ဟင်းခါး၊ ပဲနဲ့ထမင်း၊ ခေါက်ဆွဲကြော်၊ ကြာဇံကြော်များ တလှည့်စီ ကျွေးပါတယ်။ လူတစ်ယောက်အတွက် တစ်နေ့တာမျှ လိုအပ်တဲ့ အဟာရကို လုံလောက်စွာရရှိတာပါ။ တကယ်တော့ ကျမတို့ ယောဂီတွေဟာ ရက်ပေါင်း (၆၀) နိက္ခမ ပါရမီဖြည့်မယ်ဆိုပြီး ထွက်လာကြတာပါ။ ဒီမှာက နေစရာ အဆင်သင့် စားစရာ အဆင်သင့်နဲ့ အပျံစား နိက္ခမပါရမီကြီးဖြစ်နေပါတော့တယ်။

ကျမကိုယ်တိုင် ရိပ်သာမှာ အဟာရမှီဝဲတဲ့အချိန်တွေမှာ တွေးမိတာလေးတင်ပြပါရစေ။ အလှူရှင်နေရာမှာပဲ နေဖူးတဲ့ မိမိဘဝကိုတွေးပြီး အော် ယ္ခု ငါသည် အလှူခံပုဂ္ဂိုလ်ကြီး ဖြစ်နေပါပကောလို့ တွေးပြီး ဆင်ခြင်မိပါတယ်။ ဘဝဆိုတာ စုံပါသကောလို့ တွေးမိပါတော့တယ်။ တက္ကသိုလ်မှာ ၁၉၅၄-၅၈ ခုနှစ်အတွင်း မဟာဝိဇ္ဇာတက်နေတဲ့အချိန်မှာ ရန်ကုန်တက္ကသိုလ် အမျိုးသမီးဆောင်မှာ စားခဲ့ရတဲ့ ဟင်းတွေနဲ့လဲ နှိုင်းယှဉ်နေမိပါတယ်။ အဲဒီခေတ်ကောင်းစဉ်က တက္ကသိုလ် အဆောင်ဟင်းထက်လဲ သာနေပါတယ်။ ကျွေးမွေးကြတဲ့ အလှူရှင်တွေကို ကျေးဇူးတင် မိပါတယ်။ စေတနာနဲ့ ချက်ပြုတ်ကျွေးမွေးကြတဲ့ ဝေယျာဝစ္စအဖွဲ့သားများကိုလဲ ကျေးဇူးတင်လှပါတယ်။ မေတ္တာအကြိမ်ကြိမ် ပို့ဖြစ်ခဲ့ပါတယ်။ ဒီနေရာလေးမှာ နောက်ထပ် သတိရတာလေး ပြောချင်ပါသေးတယ်။ နိုင်ငံခြားတိုင်းပြည်တွေမှာ ဒီလို တရားအားထုတ်ဖို့ ရက်တို (၁၅)ရက်စာ ရက်(၂၀)ခန့် အတွက် နေရာရှာပြီးငှါးရတာ စားစရာတွေ စီမံရတာ အဲဒီစရိတ်တွေကို ယောဂီ တစ်ယောက်တိုင်းခိုင်းပြီး မျှခံကြရတာပါ။ ကျမတို့က မြန်မာနိုင်ငံမှာ လူလာဖြစ်လို့ အလှူရှင်များ ချီးမြှင့်တဲ့နေရာမှာနေ အလှူရှင်များ ကျွေးတာတွေကို တပြားတချပ်မှ မပေးရဘဲ စားသုံးခွင့်ရပြီး အေးအေးချမ်းချမ်းတရားအားထုတ်ရတာ ကမ္ဘာမှာတော့ ရှာမှရှားပါးသပရှင်။ ဒီလိုတွေ တွေးတွေးပြီး မြန်မာနိုင်ငံမှာလူလာဖြစ်တာကံကောင်းလေစွ သာသနာတော်ကြီးရဲ့ အသီးအပွင့်တွေကို စားသုံးရတာ ကြေနပ်ပါလေ

www.foreverspace.com.mm

စွလို့ အကြိမ်ကြိမ်သာဓု ခေါ်မိပါတယ်ရှင်။ ကျမတို့တတွေ မြန်မာနိုင်ငံကြီးရဲ့ ကျေးဇူးတွေကို ပြန်ဆပ်နိုင်အောင် သေတဲ့နေ့ထိ ကြိုးစားကြရပါမယ်။ ကျောင်းတကာကြီးနဲ့ အလှူရှင်တွေရဲ့ ကျေးဇူးတွေကိုလဲ ကြိုးကြိုးစားစား ဝိရိယရှိရှိနဲ့ တရားတော်ကို ရိုရိုသေသေ အားထုတ်ခြင်းဖြင့် ပြန်ပြီး ပေးဆပ်ကြရမှာ ယောဂီတိုင်းရဲ့တာဝန် ဖြစ်ပါတယ်။ ဒီတာဝန်လဲ ကျေကြပါတယ်။ ကျမတို့ ယောဂီတွေကလဲ အာရုံ နေ့ဆွမ်း တနေ့စာ အလှူများကို ယောဂီရဲ့ (၆၀) ရာခိုင်နှုန်းလောက်က ပေးလှူကြပါတယ်။

ရဋ္ဌပါလဓမ္မရိပ်သာကြီးနဲ့ပါတ်သက်တဲ့ နေရေးထိုင်ရေး စားသောက်ရေးတွေ သတင်းစုံအောင် ပေးပြီးပါပြီ။ နောင်လာကြမည့် ယောဂီများဝမ်းမြောက်ဝမ်းသာနဲ့ လာရောက်တရား အားထုတ်နိုင်ကြပါစေရှင်။ ပဌမပိုင်း ဒီမှာပြီးဆုံးပါတယ်။

## သမထကမ္မဋ္ဌာန်းအပိုင်း

ကျမတို့အဖွဲ့က ရိပ်သာရဲ့ ပဌမမြောက် ယောဂီအဖွဲ့ပါ။ ဝါတွင်းကာလဖြစ်လို့ ရက်(၉၀) ယောဂီများနှင့် ရက် (၆၀) ယောဂီများဆိုပြီး ၂ ဖွဲ့ရှိပါတယ်။ ရဟန်းတော် (၁၁)ပါး ပါဝင်ပါတယ်။ အသက်အရွယ်အကြီးကြီးတွေ ၆၀ ကျော် ၇၀ ကျော်နဲ့ ၈၄၊ ၈၇ ဆရာတော်များပါဝင်ပြီး ရဟန်းပျို ၂ ပါးပဲပါတယ်။ အသက်ကြီးရဟန်းတော်တွေ တရားလာအားထုတ်ကြတာ ကြည်နူး ဝမ်းမြောက်စရာ အလွန်ကောင်းပါတယ်။ အမျိုးသားယောဂီ (၁၈) ယောက်မှာလဲ လူငယ်(၂) ယောက်လောက်ပဲပါပြီး ၆၀ ဝန်းကျင် (၇၀)ကျော်တွေနဲ့ (၈၄) နှစ်တစ်ယောက် ပါပါတယ်။ လူကြီးတွေဟာ သံဝေဂရလာပြီး တရားကို ရိုရိုသေသေ အားထုတ်တာပါ။ အမျိုးသမီး (၁၀)ဦးခန့်မှာ (၆၀) ကျော် ၂ ယောက်နဲ့ ကျမ (၇၃)တစ်ယောက်ပဲ အကြီး ပါပါတယ်။

ယောဂီတွေဟာ မိမိအခန်းမှာပဲ နေပြီး အားထုတ်ရတာပါ။ ဒီအတွက် ကျမလို သက်ကြီးရွယ်အိုများ ရေချိုးခန်းနဲ့ ဆက်နေတဲ့အိပ်ခန်းမှာ အားထုတ်ရတဲ့အတွက် အလွန်ပဲ အဆင်ပြေလှပါတယ်။ တရားအားထုတ်တဲ့ အချိန်ဇယားကလဲ မိမိအစီအစဉ်ဖြင့် မိမိရွေးချယ်ခွင့် အပြည့်ပေးထားပါတယ်။ မိမိရဲ့စရိုက်နဲ့ ကိုက်ညီမည့်အချိန်ဇယားလေးကို ဆွဲရတာလဲအလွန်ပဲ သပ္ပါယမျှ လှပါတယ်။ ကျမယောဂီအဖွားအိုက အိပ်ချိန် (၆)နာရီ ဝန်းကျင်အရယူပြီး၊ နေ့ခင်း ထမင်းစားပြီး မိနစ် (၃၀)ခန့် အိပ်ပါသေးတယ်။ ကျမအတွက်တနေ့ (၇)နာရီရှုမှတ်ချိန်ပုံမှန်ရပါတယ်။ ဒီ (၇) နာရီက ထိုင်မှတ်တာချည်းသက်သက်အပြည့်ပါ။ ညောင်းလို့ လမ်းရှောက်ပြီး မှတ်တာက အပိုရှုမှတ်ချိန်ပါ။

နံနက် (၇)နာရီယောဂီအားလုံး ဓမ္မာရုံမှာစုပြီး ဘုရားရှိခိုး သီလယူ ဆရာတော်ဘုရားကြီးထံမှ တရားနာယူတဲ့အချိန်ပါ။ ဆရာတော်ဘုရားကြီးရဲ့ တရားတော်တွေနာရတာလဲ အလွန်ပဲ ပီတိဖြစ်ပြီး သဒ္ဓါတရားတွေ တိုးပွားစေပါတယ်။ ဆရာတော်ဘုရားကြီးက ယွင်က မဟာစည်ရဲ့ ကမ္မဋ္ဌာနာစရိယပါ။ ယခု မြေဇင်းဆရာတော်ဘုရားကြီးရဲ့ ကမ္မဋ္ဌာနာစရိယ ဖြစ်လာတာ (၅) ကြိမ်မြောက် ယောဂီအဖွဲ့ဖြစ်လာပါပြီ။ ဆရာတော်ဘုရားကြီးက ကမ္မဋ္ဌာန်းရှုမှတ်ခြင်းရဲ့ ခရီးစဉ်တလျှောက် လိုက်လျောညီထွေရှိမည့် သုတ္တန်ဒေသနာတော်တွေ ရွေးရွေးပြီးဟောသွားတာ ပညာသား ပါလှပါတယ်။

သမထကမ္မဋ္ဌာန်းအပိုင်းရဲ့ ပွဲဦးထွက် အရဟံဂုဏ်တော် (၃)ရက်၊ မေတ္တာ (၂)ရက်၊ မရဏာနုဿတိ (၂)ရက် ပြီးတာနဲ့ ဂဏနနည်းနဲ့ ကမ္မဋ္ဌာန်းဘာဝနာ ရှုမှတ်ခြင်း စရပါတော့တယ်။ ဝါရေဝါမှတ်နည်းနဲ့ ရေတွက်သွားတာပါ။ ဒီဂဏနနည်းနဲ့ရှုမှတ်ရတာ သမာဓိအတက်မြန်တယ်လို့ မြေဇင်းဆရာတော်ဘုရားကြီးက မိန့်ခဲ့တာ ကိုယ်တွေ့ကြုံပြီး တကယ်မှန်တာကိုးလို့ ကြေနပ်နေမိပါတယ်။ ကျမက (၆၀)ကျော်ဝန်းကျင်က စခဲ့တဲ့ ဝိပဿနာလုပ်ငန်းဟာ (၉)နှစ်လောက် ဒုက္ခလောကခံကြီးဖိစီးလို့ တရားအလုပ်ကြီး ပြတ်သလောက်နီးပါး ဖြစ်ခဲ့ရတာပါ။ ယခု (၇၃)နှစ် အရွယ်မှ ဒီရိပ်သာလာပြီး တရားအားထုတ်ခွင့် အရယူခဲ့ရတဲ့သူပါ။ (၂)ရက် လောက်မှတ်ပြီး သမာဓိတွေရလာတာ ပျော်လိုက်တဲ့ဖြစ်ခြင်းပါရှင်။ ညအိပ်ဖို့ ခေါင်းအုံးပေါ် ခေါင်းချလိုက်တာတောင်မှ နှာသီးဝမှာ ဆက်ပြီးရှုမှတ်နေတာလေးတွေ့ရတော့ ကျေလိုက်သမှပြောလို့ မဆုံးအောင်ပါဘဲ။ လူ့ဘဝမှာ ကိုယ်လုပ်ရမည့် တကယ့်အလုပ်၊ တကယ့်အရေးအကြီးဆုံး လုပ်ရမည့်အလုပ်၊ ပျော်စရာ အကောင်းဆုံးအလုပ်ကို ခုမှလုပ်ရလေခြင်းလို့ အကြိမ်ကြိမ်သံဝေဂရမိပါတယ်ရှင်။

ကျမတို့ဝါရေဝါမှတ် (၁၀)ရက်ခန့် မှတ်ပြီးချိန်မှာ နိမိတ်များစပြီးရယူခြင်းအလုပ်ကို စကြရပါတယ်။ ဒီရိပ်သာမှာ မြေဇင်းတောရဆရာတော်ဘုရားကြီးက မျက်လုံးကို ယောဂီရောင် တဘက်စီးပြီး မှတ်ရတာလဲ အဆင်ပြေလိုက်ပုံပြောဘွယ်မရှိပါရှင်။ ၂ ရက်လောက်နေတော့ ကျမ နိမိတ်များ စပေါ်ပါတယ်။ ၉. ၈. ၀၅ နေ့ပါ။ နိမိတ်တွေက အမဲရောင် မီးခိုးရောင်နဲ့ အဖြူရောင်တွေ ဝိုင်းထားတာပါ။ ဒါပေမဲ့ ကျမက အလင်းရောင်နိမိတ်မရတဲ့သူပါ။ အဲဒီမှာတင် ကျမက တနေ့တခြား စိတ်ပူလာပါတော့တယ်။ မျက်စိမမြင်သူကို အလင်းမရဘူးပြောတာပဲ နိမိတ်ကလဲ အလင်းမပါတော့ ကျမတော့အဆင်ပြေပါတော့မလားလို့ တွေးတွေးပြီးပူလာပါတော့တယ်။ စိတ်ပူတော့ စိတ်တွေ ယောက်ယက်ခတ်တယ်။ စိတ်တွေမငြိမ်တော့ ရှုမှတ်ရတာ အရည်အသွေးညံ့တယ်။ အလင်းနိမိတ်လိုချင်လွန်းလို့ လောဘတွေ တက်လာတယ်။ လောဘဆိုတာ အရာ ကျယ်တယ်လို့ တွေးမိပြန်ပါတယ်။ အရိုးဆုံးပြောလိုက်ရရင်တော့ ကျမက ကိုယ့်ကိုယ်ကို ဘွဲ့ပေးလိုက်ပါတယ်။ ဘာဘွဲ့လဲဆိုတော့ ၃ စားရတဲ့ဘွဲ့ပါ။ ဆရာတော်ဘုရားကြီးက တကာမကြီး ဒေါ်ယဉ်ယဉ်ကတော့ စိတ်ဓါတ်ကျတဲ့နေရာတော့ အလွန်ပါဘဲကောလားလို့ ချီးမြှင့်ပါတော့တယ်။

စွမ်းသူများလို့ကျမကဘွဲ့ပေးထားတဲ့ ယောဂီတွေသူတို့ အစီအစဉ်နဲ့သူတို့ ဘုရားတွေဖူးနေ လိုက်ကြတာ အနီးအနားဘုရားစုံ ရွှေတိဂုံ၊ ပဲခူးမှ ဘုရားများနှင့် အိန္ဒိယနိုင်ငံ သံဝေဇနိယ (၄)ဌာန နောက် ပြဟ္မာပြည်မှ ဒုဿစေတီ၊ နတ်ပြည်မှ စူဠာမဏိစေတီ ဝေဇယန္တာ သကြား မင်းစံအိမ်တော်၊ သုဓမ္မာဇရပ်၊ ပင်လယ်က သစ်ပင်နဲ့ ပဏ္ဍုကမ္ဗလာ မြကျောက်ဖြာတဲ့ စုံသမှ စုံပါရောရှင်။ ဒီနောက် အောက်ဘက်ကိုပြန်ဆင်း ဘောဂဝတီပြည်ရဲ့ နဂါးမင်းတို့ရဲ့ပြည်ကို သွားကြတယ်၊ စွယ်တော်ဖူးကြပါတယ်။ အပြန်မှာ ငရဲပြည်တော့ မကြည့်ရက်လို့ မဝင်ကြပါဘူးတဲ့ရှင်။ ကျမက ကိုယ်တိုင်နိမိတ်နဲ့ ဘုရားများဖူးခွင့် မရပေမဲ့ ဖူးကြရသူစွမ်းသူများ ဆရာတော်ဘုရားကြီးကို လျှောက်ထားနေတာကို ကျမက လိုက်ပြီးနားထောင်ပြီး မုဒိတာတွေပွားပြီး ပျော်နေတဲ့သူပါ။ ကျမစာရင်းချလိုက်တာ အမျိုးသားယောဂီ (၁၈) ယောက်မှာ ဘုရားဖူးရတာ (၆)ယောက်ထက် မပိုဘူးလို့ ကျမထင်ပါတယ်။ အမျိုးသမီးယောဂီ (၁၀)ယောက်မှာလဲ (၂)ယောက် ထက်မပိုဘူးလို့ ကျမသိရပါတယ်။ စွမ်းသူများ လူ့ပြည် ပြဟ္မာပြည် နတ်ပြည်ဘုရားစုံဖူးပြီး မိမိခန္ဓာကိုယ်အတွင်း ကလီစာများကို ကိုင်ကြည့်သလို ရှုကြပါတယ်။ ကျမနားထောင်ပြီး အကြီးအကျယ် သံဝေဂတွေ ရပါတယ်။ ကျမက လူပြည်ကဘုရားတွေ မဖူးရတဲ့အတွက် ဝမ်းမနည်းပါဘူး၊ ရောက်ဖူးပြီး ဘုရားတွေ ဖူးပြီးပါပြီ၊ ဒုဿစေတီ စူဠာမဏိဘုရားများ မဖူးရတာတော့ ဝမ်းနည်းမဆုံး ခံစားရပါတယ်ရှင့်။ သမထအပိုင်းကို ဒီမှာပဲ နိဂုံးချုပ်လိုက်ပါတယ်။

## ဝိပဿနာကမ္မဋ္ဌာန်းအပိုင်း

ဝိပဿနာကမ္မဋ္ဌာန်းကို ၂၆. ၈. ၀၅ နေ့မှာစ၍ ရှုမှတ်ပွားများကြပါတော့တယ်။ သမထ အပိုင်းကို (၃၉) ရက်နဲ့ ပြီးပြီး ဝိပဿနာအပိုင်းကို ကျန် (၂၁)ရက် ရှုမှတ်ကြရပါတယ်။ ကျမက ဝိပဿနာစပြီး ပွားများတဲ့အချိန်မှာ ကျမကိုယ်ကျမ ဆုံးမပါတော့တယ်။ ရိပ်သာလာရတဲ့ ရည်ရွယ်ချက်ကြီးက မသေခင်တမင် တဖိုလ် ရယူဘို့ဆိုတဲ့ အဓိကရည်မှန်းချက်နဲ့ ပဋိဘာဂနိမိတ်များကို သုံးပြီး ပြဟ္မာပြည် နတ်ပြည်တို့ရှိ ဘုရားများဖူးဘို့ဆိုတဲ့ အပိုဆုကြီးကို ရယူဘို့ကိစ္စကို ရင်ဝယ်ပိုက်ပြီး ချီတက်လာခဲ့တဲ့ အဖွားယောဂီတစ်ယောက်ပါ။ ယခု သမထပိုင်းပြီး သွားပါပြီ၊ အပိုဆုကြီးက မပေါက်ခဲ့ပါ လွဲခဲ့ရပါပြီ၊ ငါး ၂ ကောင်လာဖမ်းတာ တစ်ကောင်ကိုတော့ လုံးဝအလွတ် မခံနိုင်ဘူးနော် ကြိုးစားဖမ်းပါရှင်လို့ မိမိကိုယ်မိမိ အကြိမ်ကြိမ်ဆောက်တည်လိုက်ပါတယ်။

ပြီးခဲ့တဲ့ သမထပိုင်းကျင့်ပြီး ချီတက်လာခဲ့တဲ့ (၃၉)ရက်ကို ပြန်ပြီးသုံးသပ်လိုက်တဲ့အခါ (၃၉)ရက် လုံးလုံး နှာသီးဖျားမှာ ထွက်သိဝင်သိကို ဂဏနနည်းနဲ့ တစ်နေ့ (၇)နာရီနှုန်းနဲ့ ချီတက်လာခဲ့ရတာကို သိပ်ကျေနပ်နေမိပါတယ်။ ကျမက သမထပိုင်းမှာ အလင်း မရကတည်းက အချိန်ကုန်ခံပြီးဘာမှ ကြိုးစားမနေတော့ဘဲ ဒုံးဒုံးချပြီး ဘာဝနာအလုပ်ပဲ နှာသီးဖျား ဝင်ထွက်နဲ့ သမာဓိကို ထိန်းလာခဲ့တာပါ။

၂၆. ၈. ၀၅ နေ့မှာ ဝိပဿနာစပါတော့တယ်။ စစချင်းဘဲ ရူပပရိဂ္ဂဟနဲ့ နာမပရိဂ္ဂဟ ပဌမဆုံးဉာဏ်စဉ်ကို ချပြပြီး ရင်ချိုင့်ကိုစိတ်ပို့ပြီး လှုပ်နေတာကို ရုပ် ရုပ်လို့ တနာရီမှတ် နောက် သိနေတာကို ခံစားပြီး နာမ်နာမ်ဟုမှတ်လို့ ပွားခိုင်းပါတယ်။ ဒီမှာ ကျမကစပြီး တွေးပါတော့တယ်။ ဉာဏ်စဉ်ကိုအရင်ချပြပြီး ရှုခိုင်းတာ ဆန်းတယ်နော်၊ သိပ်တွေးမနေပါနဲ့ မြေဇင်းဆရာတော်ဘုရားကြီးက အသိဉာဏ်တွေနဲ့ အရိယာကြီးအစစ်ဘဲ သူသွားခဲ့တဲ့လမ်းကို ဝေနေယျတွေ တရားရဘို့ သင်ပေးတာ ဒုံးဒုံးချမှတ်ပါလို့ မိမိကိုယ်မိမိ ပြန်ပြောရပါတယ်။ ဒီမှာ ကျမက အခက်အခဲတစ်ခု ရင်ဆိုင်ရပြန်ပါတယ်။ ကျမက ရင်ချိုင့်ကို လုံးဝမှတ်၍မရပါ။ ကျမမှာ ထင်ထင်ရှားရှားလှုပ်နေတာဆိုလို့ လက်ဖဝါး ၂ဘက်စလုံးသွေးတွေ လှိုင်းထနေသလို စီးနေတော့ ကျမ ပညာမျက်စေ့နဲ့ သိလို့မမြဲရပါသည်။ ဆရာတော်ဘုရားကြီးဆီ ပြေးပြီး လျှောက်ရပြန်ပါတယ်။ သဘောကောင်းတဲ့ ကျမတို့ ဆရာတော်ဘုရားကြီးက ထင်ရှားတာ ရှုခွင့်ပြုပါတယ်ဆိုလို့ ကျမမှာ ဘဝင်ကျပါတော့တယ်။

ပစ္စယပရိဂ္ဂဟဉာဏ်စဉ်ကို ၂၈ ၂၉ ဩဂုတ်မှာ မှတ်နေရပါပြီ။ အဲဒီ ဉာဏ်စဉ်ကို မှတ်ရင်း ယောဂီတွေကို မိမိရဲ့ ပြီးခဲ့တဲ့ဘဝတွေကို ပြန်ပြီး ရှုကြည့်ခိုင်းပါတယ်။ အလွန်စိတ်ဝင်စားစရာ ကောင်းလှပါတော့တယ်။ စွမ်းသူများက အေးအေးဆေးဆေး အယောက်တိုင်း (၃) (၄)ဘဝတွေ ပြန်တွေ့ကြပါတယ်။ သူတို့တတွေသူတို့ ဘဝဟောင်းတွေပြန်တွေ့ရလို့ သံဝေဂဖြစ်မိပါတယ်လို့ ဆရာတော်ဘုရားကြီးကို လျှောက်ထားကြပါတယ်။ ကျမကတော့ ဒုံးဒုံးချပြီး တရားရဘို့ဘဲ ရှုမှတ်နေပါတယ်။ ထိုမှတပါး ဘာကိုမှ စိတ်မဝင်စားတော့လို့ ဒီကိစ္စမရှုကြည့်ခဲ့ပါ။

ဝိပဿနာရှုမှတ်အပိုင်းအပြီးမှာ ကျမ တင်ပြချင်တာလေးတွေ တင်ပြပါရစေရှင်။ ကျမတို့ရဲ့ ကမ္မဋ္ဌာနာစရိယ ဆရာတော်ကြီးက အလွန်သဘောကောင်းပြီး စိတ်အလွန်ရှည်တဲ့ အညာသား ဆရာတော်ဘုရားကြီးပါ။ ရိုးတာလဲ ပြောမနေပါနဲ့ တရားဟောပြောနေစဉ် ဆရာတော်ရဲ့ ရိုးရိုးကြီးပြောနေပုံ၊ စိတ်အလွန်ရှည်ပုံတွေ ကြားနာပြီးသိရပါတယ်။ လက်ထောက်က ၂ ပါးရှိပါတယ်။ ဦးပညာသာရ ထားဝယ်ကိုယ်တော်လေးလို့ အခေါ်များပါတယ်။ သက်တော် (၃၀) ခန့်နဲ့ ပညာကလဲ မဟာဝိဇ္ဇာ (ဗုဒ္ဓကျမ်းစာ) သီရိလင်္ကာနိုင်ငံ ကိုလံဘိုတက္ကသိုလ်က ယူလာတဲ့ဘွဲ့ပါ။ ဆရာတော်ကြီး (၃)ရက်ခန့်အညာပြန်နေစဉ် ကျမတို့ယောဂီတွေကို တရားပြ တရားဟော တရားစစ် အလုပ်တွေလုပ်ပေးပါတယ်ရှင်၊ အသက်ငယ်ပေမယ့် တော်ပါပေလားလို့။

နောက်ထပ်ဖြည့်စွက်ချင်သေးတာက ကျမတို့ရဲ့ကျောင်းတကာကြီးက ယောဂီတစ်ယောက်တိုင်းကို သူ့သားသမီးလိုချစ်တဲ့သူဆိုတော့ တရားကျင့်တဲ့နေရာမှာ ယောဂီတယောက်တိုင်းရဲ့ တိုးတက်မှုတွေ ဆရာတော်များကိုမေးပြီး နေ့စဉ် မုဒိတာပွားနေတဲ့ တကာကြီးပါရှင်။ ဒီမှာဘဲ ကျမရဲ့ (၆၀) ရက်ကြာ ရဋ္ဌပါလဓမ္မ ရိပ်သာမှာဆိုတဲ့ ခေါင်းစဉ်နဲ့ ရေးလာတဲ့ စာတမ်းကြီး ပြီးဆုံးလို့ နိဂုံးချုပ်ပါပြီရှင်။ ဒီရက်(၆၀)က ကျမရဲ့ (၇၃) နှစ်အရွယ်ရောက်မှ မှတ်လောက်သားလောက်ရှိတဲ့ ကျမရဲ့ ဘဝမှတ်တိုင်ကြီး အစစ်ဖြစ်ပါကြောင်း။

ကျမတို့ရဲ့ (၅)ကြိမ်မြောက် ရဋ္ဌပါလရဲ့ ယောဂီအဖွဲ့မှာ သမထပိုင်းကျင့်စဉ်က ယောဂီတွေရဲ့ ကိုယ်တွေ့တွေကိုလေ့လာပြီး ကျမက အတော်ဆုံး ယောဂီဘွဲ့ ဦးကျော်ဝင်းကို ရွေးလိုက်ပါတယ်ရှင်။ ကျန်တဲ့သူများအားလုံးကို တညီတညာထဲ ဒုတိယနေရာမှာ ရွေးလိုက်ပါတယ်။ အမည်များကတော့ ဦးမြင့်ဇော်၊ ဦးလှသောင်း၊ ဒေါ်တင်တင်စိန်းနှင့် မမာလာမြင့်တို့ ဖြစ်ပါသည်ရှင်။ ရက် (၉၀)အဖွဲ့မှ အမျိုးသားယောဂီ စွမ်းသူများကို ကျမသူတို့ရဲ့ တရားလျှောက်ထားချက်တွေ နားမထောင်ရလို့ မသိပါရှင်။ နဂါးပြည်မှ အပြန်ခရီးမှာ ငရဲပြည်ကို ဝင်ပြီးကြည့်ခဲ့သူ နှစ်ဦးရှိပါတယ်ရှင်။ ဒေါ်တင်တင်စိန်းနဲ့ မမာလာမြင့်တို့ ဖြစ်ကြပါသည်၊ မမာလာမြင့်က ငရဲခန်း(၄)ခန်းဘဲ ကြည့်ခဲ့ရပြီး သနားပြီးဝမ်းနည်းလွန်းလို့ မျက်ရည်ကျပါသတဲ့ရှင်။

ကျေးဇူးတင်ပါတယ်ရှင်

Address

Daw Yin Yin

148-B-1. A.1 LANE

8 -1/2 Mile, Preme Road,

Yangon.

Phone- 667899